# ကြေးမုံ
The Mirror Daily

၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့။ Friday, 11 August 2023 ၁၁၁၈၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြစ်ကြီးနားမြို့၊ လားရှိုးမြို့၊ တန့်ယန်းမြို့နှင့် ကွမ်းလုံမြို့တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ အောင်ဇေရန်အောင်တပ်ဦး ကျောင်းတိုက်ဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**စီစဉ်ဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ သံဃာတော် ၅၄ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ကုသပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐



## ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ ရေဘေးသင့်ပြည်သူများအား ကူညီရွှေ့ပြောင်း စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ ဩဂုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေနိမ့်ပိုင်းရပ်ကွက်များရှိ နေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ရာ ယနေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းကူညီပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ပဲခူးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ယနေ့ ဖတ်စရာ**

**လူငယ်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့**

ဆောင်းပါး စာမျက်နှာ » ၆

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်း အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ**

စာမျက်နှာ » ၉




## နိုင်ငံတော်အနာဂတ်အတွက် ရှေးရှုဆောင်ရွက်

ပညာရည်မြင့်မားတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသည်။ ပညာဖြင့် နိုင်ငံကိုတည်ဆောက်၊ ပညာဖြင့်ပင် အရာရာကိုပြုပြင်ဖန်တီးဆောင်ရွက်နိုင်သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ ပညာရည်မြင့်မားရေးဆိုင်ရာကိစ္စများကို အားပေးမြှင့်တင်ဆောင်ရွက်ခဲ့သည်။

နိုင်ငံအနာဂတ်အတွက် ပညာရည်ပြည့်ဝသည့် လူသားအရင်းအမြစ်များ လိုအပ်လျက်ရှိနေသဖြင့် "မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် ဗလငါးတန်နှင့်ပြည့်စုံသည့်လူငယ်များ မွေးထုတ်ပေးနိုင်ရေး ဆရာ ဆရာမများသာမက မိဘများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား ဩဂုတ်လ ၉ ရက်နေ့က တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

ယခင်က ပညာရေးစနစ်၏ အားနည်းမှု၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ အားနည်းမှု၊ ဆင်းရဲနွမ်းပါးမှုစသည့် အကြောင်းအမျိုးမျိုးကြောင့် လူငယ်လူရွယ် ကျောင်းသားကျောင်းသူများ၏ ပညာရေးတွင် အားနည်းချက်များရှိခဲ့သည်။ ကျောင်းသားကျောင်းသူများ ပညာတတ်မြောက်ရေး၊ အတန်းအောင်မြင်ရေးကို ဆရာ ဆရာမများက သင်ကြားပေးခဲ့သော်လည်း အခြားမှန်ကန်သောအတွေးအခေါ်နှင့် အသိအမြင်များရရှိရေးအတွက် တည့်မတ်ပေးရေးအပိုင်းတွင် လိုအပ်ချက်များရှိခဲ့သည်။ ထို့ကြောင့် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသား ကျောင်းသူများဖြစ်စေရေးကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍအားနည်းမှုတွင် နိုင်ငံသူ နိုင်ငံသားအများစုမှာ ဘဝရပ်တည်ရှင်သန်ရေးကို ဦးစားပေးကြရသဖြင့် ပညာရေးတွင် ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ခြင်းမရှိဘဲ အဟောသိကံဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ပညာတတ်များနည်းပါးပြီး နိုင်ငံဖွံ့ဖြိုးမှု နိမ့်ကျလျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန်ယူသည့်အခါ အဆိုပါပညာရေးကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။ ပညာသင်ကြားရေးတွင် ဆရာ ဆရာမများ၏အခန်းကဏ္ဍမှာ ကျယ်ပြန့်ပြီး အဓိကကျသဖြင့် ဆရာ ဆရာမများ နေထိုင်စားသောက်ရေးအဆင်ပြေစေရန် နိုင်ငံတော်က တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြည်သူများ၏ အခက်အခဲအမျိုးမျိုးအရ အတန်းပညာကို ပြီးဆုံးအောင်မသင်ကြားနိုင်သည်ကို ဖြေရှင်းပေးနိုင်ရန် ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနည်းပညာဘာသာရပ်များ သင်ကြားနိုင်ရေး ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနည်းပညာဘာသာရပ်များ သင်ကြားတတ်မြောက်ခဲ့သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ကြားပြီးချိန်တွင် ၎င်းတို့ဘဝတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ၏ကုန်ထုတ်လုပ်မှုကို အထောက်အကူဖြစ်စေမည့် လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အလုပ်အကိုင်နှင့်ပတ်သက်၍ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မှုများ များပြားလျက်ရှိခြင်းကြောင့် နိုင်ငံအတွင်းရှိ အချို့ဒေသများ၌ လုပ်သားအင်အားရှားပါးမှုများဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းလာရေးကို ဖန်တီးဖော်ဆောင်ပေးလျက်ရှိပြီး နိုင်ငံသူ နိုင်ငံသားများ နိုင်ငံတော်၏ အရိပ်အာဝါသအောက်တွင် လုံခြုံစိတ်ချစွာဖြင့် အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မှသာ နိုင်ငံသားများ၏ ပညာရည်မှာလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံသားအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်လာမှသာ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဒေသစီးပွားတိုးတက်လာစေရန် စီးပွားရေးအခြေခံလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ကြပြီး ပညာသင်နှစ်အတွင်း တက်ရောက်သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအားလုံး ပညာရေးဆုံးခန်းတိုင်သည်အထိ ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေး၊ ကျောင်းနေရာခိုင်နှုန်း မြင့်မားလာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပြီး နိုင်ငံအနာဂတ်အတွက် ဗလငါးတန်နှင့်ပြည့်စုံသော လူသားအရင်းအမြစ်များပေါ်ထွက်လာစေရန် အလေးထားဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲများ ဆက်ကပ်လှူဒါန်း



**စစ်ကိုင်း ဩဂုတ် ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် မုံရွာမြို့ ရုံးကြီးရပ် ရွှေသုဝဏ်ကျောင်းတိုက်သို့ စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(မုံရွာ)မှ တာဝန်ရှိသူများသွားရောက်၍ သံဃာတော်များ ဝါတွင်းကာလ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆရာတော်ကြီးထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပန်းတောင်းမြို့နယ်၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ



**ပန်းတောင်း ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပန်းတောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ဆရာဝန်ကြီးဒေါက်တာသန်းထိုက်စိုးက ဩဂုတ်လ၏ ပထမရက်သတ္တပတ်ကို မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယရက်သတ္တပတ်ကို ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေး ရက်သတ္တပတ်အနေဖြင့် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထိုက်စိုး ဦးဆောင်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအသင်းနှင့် ဆရာဆရာမတို့က ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ သန်ချဆေးများတိုက်ကျွေးခြင်း၊ ပျိုဖော်ဝင်ဆယ်ကျော်သက် ကျောင်းသူများကို သံဓာတ်အားဆေးပေးဝေခြင်းနှင့် ကျောင်းသား ကျောင်းသူများအား အာဟာရတိုက်ကျွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)


### သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၀ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၂၉၁ | ၂,၅၇၀,၉၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၄,၀၃၈ | ၁၂,၂၅၁,၈၅၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၄၈ | ၃၆၄,၈၀၀ |
| FPB | ၁,၆၀၀ | ၁,၆၅၀ | ၃၃၃ | ၅၄၄,၄၅၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| EFR | ၂,၃၀၀ | ၂,၃၀၀ | ၂,၃၆၀ | ၅,၄၃၁,၄၀၀ |
| AMATA | ၄,၉၀၀ | ၅,၀၀၀ | ၁၁၃ | ၅၅၃,၈၀၀ |
| MAEX | ၁,၉၀၀ | ၁,၉၀၀ | ၂,၃၁၅ | ၄,၃၉၈,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၈)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ရန် လာအိုနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် ဩဂုတ် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် (၈)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

**ပို့ဆောင်နှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ (၈)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ဩဂုတ် ၁၀ ရက်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လေ့လှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ် လေ့လှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ လေ့လှော်အဖွဲ့ချုပ်၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ လေ့လှော်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



**အဖွင့်အမှာစကား ပြောကြား**

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များမှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ လူငယ်မျိုးဆက်သစ် လေ့လှော် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ လေ့လှော်အားကစားနည်းအား ပြည်သူအများ စိတ်ဝင်စားလာစေရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ လာရောက်ယှဉ်ပြိုင်ကြသည့် လေ့လှော်အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးနှင့် လေ့လှော်အားကစားနည်း အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့အတွက်ဖြစ်ကြောင်း၊ လေ့လှော်အားကစားနည်း ဆောင်ပုဒ်ဖြစ်သည့် "လှေခွက်ချည်းကျန် အလံမလဲ၊ သေသည့်တိုင်အောင် တက်ကိုဆောင်၊ တက်ညီလက်ညီရှေ့သို့ချီ"ဆိုသည့် ဆောင်ပုဒ်အတိုင်း ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ရွတ်ဆိုပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ပထမနေ့ ပွဲစဉ်များဖြစ်သည့် မီတာ ၂၀၀ အမျိုးသား/အမျိုးသမီး(၇) တက်လှော် လှေပြိုင်ပွဲ၊ မီတာ ၂၀၀ အမျိုးသား/ အမျိုးသမီး ၁၀ တက်လှော် လှေပြိုင်ပွဲ၊ မီတာ ၂၀၀ Mixed ၁၀ တက်လှော် လှေပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်သို့ ရောက်ရှိပြီး အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရေကူး၊ ပြေးခုန်ပစ်၊ ထိုင်လျက် ဘော်လီဘော အားကစားအဖွဲ့များ၏ နေထိုင်၊ စားသောက်ရေးနှင့် လေ့ကျင့်နေမှုများကို လည်းကောင်း၊ တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) အားကစားဝင်းအတွင်းရှိ ဝူရှူးအားကစားလေ့ကျင့်ရေးရုံ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုမြို့တွင် ကျင်းပပြုလုပ်မည့် (၁၁)ကြိမ်မြောက် အာရှလူငယ်အား ကစားပြိုင်ပွဲနှင့် ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏လေ့ကျင့်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ လေ့လှော်အဖွဲ့ချုပ်သို့ ပြန်လည်ရောက်ရှိပြီး လေ့လှော်ပြိုင်ပွဲ ပထမနေ့ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်ကြသည်။

**သတင်းစဉ်**

# အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

အလုပ်သမား ဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လူမှုဖူလုံရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများနှင့် အလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာသူများက ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

**ဖွင့်လှစ်ထားရှိ**

လက်ရှိတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် လူမှုဖူလုံရေးစီမံကိန်းတွင် အကျုံးဝင် မြို့နယ်ပေါင်း ၁၁၉ မြို့နယ်ရှိပြီး အာမခံ အလုပ်သမားပေါင်း ၁ ဒသမ ၂၂ သန်းကျော် ရှိပါကြောင်း၊ အကျုံးဝင် အာမခံအလုပ်သမားများအတွက် ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရန်နှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးနိုင်ရန်အတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အလုပ်သမားဆေးရုံကြီး သုံးရုံ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် ရုံးပေါင်း ၁၀၀၊ မြို့နယ်ဆေးခန်း ၉၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းနှင့် ဌာနကြီးဆေးခန်း ၆၀ တို့ကို ဖွင့်လှစ်ထားရှိကြောင်း။




အာမခံအလုပ်သမားများ အနေဖြင့် ပိုမိုထိရောက်ကောင်းမွန်သည့် ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်စေရန် ရည်ရွယ်၍ Provider Purchaser Split (PPS) စနစ်အရ ပြင်ပပုဂ္ဂလိကဆေးခန်းများနှင့်ပူးပေါင်းပြီး Fee for Service Payment ဖြင့် ဆေးခန်း ၁၄ ခန်းနှင့် Capitation Payment ဖြင့် ဆေးခန်း ၂၆ ခန်း၊ အမျိုးသမီး အာမခံ အလုပ်သမားများ၏ မီးဖွားခြင်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် စာချုပ်ဆေးရုံ/သားဖွားခန်း ၁၀ ခန်းနှင့် ရွေ့လျားဆေးကုသယာဉ် Mobile Medical Unit–MMU နှစ်စီးတို့ဖြင့် ကျန်းမာရေးဝန်ဆောင်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး လာရောက်ဖူးမြော်ကြသည့် ပြည်သူများ၏ ရင်တွင်းဝမ်းသာပီတိ စကားသံများ

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသော ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှ ၁၆ ရက် အထိ အခမဲ့ဖူးမြော်ခွင့်ပြုခဲ့ရာ တတိယနေ့ဖြစ်သော ဩဂုတ် ၁၀ ရက်တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

တွေ့ဆုံမေးမြန်း - မင်းဂျိုင်း
ဓာတ်ပုံ - သန်းပြည့်


ဆရာတော် ဦးသီရိန္ဒ


ဦးတင်ရွှေ


ဦးမြင့်သိန်း


ဒေါ်ဝင်းစိန်


ဦးသန်းထွန်း


ဦးလှမောင်


ကိုအတီး


ဒေါ်ယဉ်ယဉ်အေး


ဦးအောင်ကျော်ဦး

ဘုရားဖူးရောက်ရှိလာသော မြန်မာနိုင်ငံတစ်ဝန်း မှ မိဘပြည်သူများနှင့် တွေ့ဆုံပြီး ၎င်းတို့၏ ရင်တွင်းခံစားရသော စကားသံများ၊ သာဓုအနုမောဒနာခေါ်ဆိုသံများ၊ အနာဂတ်ဗုဒ္ဓသာသနာအတွက် မြော်တွေး၍ တက်ကြွသောစကားသံများကို ကြားသိခဲ့ရပါသည်။ အဆိုပါ ဘုရားဖူး ပြည်သူများ၏ ရင်တွင်းဝမ်းသာပီတိ စကားသံများကို ပြန်လည်ရေးသား မျှဝေလိုက်ရပါသည်။

**ဆရာတော် ဦးသီရိန္ဒ (ရန်ကုန်မြို့)**

ဆရာတော်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်ပြီး မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို တည်နေတယ်ကြားကတည်းက ဖူးမြော်ချင်ခဲ့တာပါ။ ဘာကြောင့်လဲဆိုတော့ စကျင်ကျောက်တုံးကြီးတွေကို ခက်ခက်ခဲခဲသယ်ဆောင်ပြီး တည်ထားတဲ့ ရုပ်ပွားတော်မြတ်ကြီးဖြစ်တာကြောင့်ပါ။ ကမ္ဘာမှာ အကြီးဆုံးကျောက်ဆစ် ရုပ်ပွားတော်လည်းဖြစ်၊ ဉာဏ်တော်အမြင့်ဆုံးလည်းဖြစ်၊ ပြီးတော့ နည်းပညာအစုံနဲ့ စနစ်တကျတည်ထားတဲ့ ရုပ်ပွားတော်မြတ်ကြီး ဖြစ်တဲ့အတွက် လာရောက်ဖူးမြော်တာပါ။ အခုလိုဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ထင်ထားတာထက် ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် သပ္ပာယ်စွာနဲ့ အခုလိုဖူးမြော်ခွင့်ရတာ သာသနာတော်အတွက်ရော ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ ဆရာတော့်အနေနဲ့ အခုလို မာရဝိဇယဘုရားကို တည်ထားပေးကြတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူအားလုံးကို သာသနာတော်ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။

**ဦးတင်ရွှေ (တပ်ကုန်းမြို့)**

မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ဖို့အတွက် ကျောက်တုံးတော်ကြီးတွေအားလုံးကို ဆီမီးခုံဆိပ်ကမ်းကနေ သယ်ဆောင်လာကတည်းက ရုပ်မြင်သံကြားကနေမြင်ခဲ့ရတယ်။ ဒီလိုမြင်ကတည်းက အားရဝမ်းသာဖြစ်မိတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီးကိုလည်း အင်မတန်ကျေးဇူးတင်ပါတယ်။ ဘယ်တုန်းကမှ ဒီလိုဖြစ်လာလိမ့်မယ်လို့ မထင်တဲ့ကိစ္စ၊ ကမ္ဘာမှာ အခုလောက်ကြီးမားတဲ့ မြတ်စွာဘုရားရုပ်ပွားတော်ကြီးကို ဖူးရလိမ့်မယ်လို့ မထင်ထားပါဘူး။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီးက ဦးဆောင်ဘုရားဒါယကာအဖြစ် တည်ထားလိုက်တဲ့အတွက် အလွန်ကြည်နူးမိတယ်။ လာရောက်ဖူးတဲ့အခါမှာလည်း တကယ့်အထင်ကရဘုရားကြီးကို ဖူးခွင့်ရခဲ့တဲ့အတွက် မျက်ရည်ကျလောက်တဲ့အထိ ဝမ်းသာပီတိ ဖြစ်မိပါတယ်။ ကျွန်တော့်လိုပဲ နိုင်ငံတစ်ဝန်းမှာရှိကြတဲ့ လူတွေအားလုံးလည်း ဝမ်းသာပီတိဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

မာရဝိဇယဘုရားကြီး ဖူးမြော်ပြီးတဲ့အခါမှာ ဘုရားကြီးရဲ့ ဉာဏ်တော်တွေနဲ့ပတ်သက်တဲ့ မှတ်တမ်းတွေကို ရယူထားပါတယ်။ လာရောက်ဖူးမြော်ဖို့ မလာဖြစ်သေးတဲ့ ကျွန်တော့်သူငယ်ချင်းတွေနဲ့ မိသားစုတွေကို ပြောပြပြီး အခုလိုမျိုးကြုံတောင့်ကြုံခဲအချိန်မျိုးမှာ လာရောက် ဖူးမြော်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

ရုပ်ပွားတော်မြတ်ကြီးရဲ့ ရှေ့မျက်နှာမူရာတည့်တည့်မှာ ပိဋကတ်တော်တွေကို ထွင်းထုထည့်သွင်းထားတယ်။ ဒီလိုလုပ်ထားတာမျိုးကလည်း ရှားပါတယ်။ ကျောက်စာရုံစေတီတွေနဲ့ ပတ်သက်ပြီးတော့ လေ့လာရတာလည်း ဝမ်းသာမိပါတယ်။

**ဦးမြင့်သိန်း(ကျောင်းကုန်းကျေးရွာ၊ ပျဉ်းမနားမြို့)**

ကျွန်တော်တို့အနေနဲ့ ကမ္ဘာပေါ်က ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်တွေအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့အတွက် လာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ ဘုရားဆင်းတုတော်ကြီးရဲ့ ပတ်ချာလည်မှာ တည်ရှိတဲ့ ၂၄ ပစ္စည်း ပဋ္ဌာန်းဒေသနာတော်တွေကို ထုဆစ်ထားတဲ့ ဗိသုကာလက်ရာတွေ၊ မုစလိန္ဒကန်နဲ့ ကျောက်စာရုံစေတီတော်တွေကို သွားရောက်ဖူးမြော်ခဲ့ပါတယ်။ ကျောက်စာတွေကို ပါဠိအက္ခရာနဲ့ Romanize Language ထွင်းထုထားတာ တွေ့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒါတွေကို ဖတ်ဖို့တော့ လက်လှမ်းမမီပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာ အရှည်တည်တံ့ခိုင်မြဲအောင် ပိဋကတ်သုံးပုံစာတွေရှိမှ အရှည်တည်တံ့ခိုင်မြဲမှာဖြစ်ပါတယ်။ အဲဒီတော့ စာရွက်နဲ့အက္ခရာ တင်မယ်ဆိုရင် ပျက်စီးနိုင်ပါတယ်။ ဒီလိုကျောက်ထက်အက္ခရာတင်ထားခြင်းအားဖြင့် ပိဋကတ်သုံးပုံတွေဟာ မပျောက်မပျက် မပျက်မစီးဘဲနဲ့ ရေရှည်တည်တံ့ခိုင်မြဲမှာ ဖြစ်ပါတယ်။

**ဒေါ်ဝင်းစိန် (နွယ်ရစ်ကျေးရွာ၊ တပ်ကုန်းမြို့)**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး လာရောက်ဖူးမြော်ခွင့်ရပြီဆိုတာကို ကြားသိရတဲ့အတွက် လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ ဘုရားကြီးကို လာရောက်ဖူးမြော်တဲ့အခါမှာ ကျွန်မတို့လို သက်ကြီးရွယ်အိုတွေနဲ့ သံဃာတော်တွေကို ဘုရားမုခ်ဦးရှေ့ကနေ ဘုရားပရိဝုဏ်အတွင်းရှိ ဘုရားရင်ပြင်တော်ဆီကို မော်တော်ယာဉ်ငယ်လေးတွေနဲ့ စနစ်တကျ ပို့ဆောင်ပေးတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ခံစားရပါတယ်။ ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အခုလိုမျိုးဖူးမြော်ခွင့်ရတဲ့အတွက် ကျေနပ်ရပါတယ်။

**ဦးသန်းထွန်း (နေပြည်တော်)**

အခုလိုဘုရားကြီးကို လာရောက်ဖူးမြော်ကြည်ညို ကန်တော့ရတဲ့အတွက် အင်မတန် ကြည်နူးပီတိဖြစ်မိပါတယ်။ နိုင်ငံတော်က တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကို ကျေးဇူးတင်ပါတယ်။ ဘုရားကြီးပြီးမြောက်အောင်မြင်ရေးအတွက် အဘက်ဘက်က ဝန်းရံပေးကြတဲ့ ပြည်သူလူထုတွေ၊ စေတနာရှင်၊ ကုသိုလ်ရှင်၊ အလှူရှင်တွေ၊ ဘုရားဒါယကာ၊ ဘုရားဒါယိကာမအပေါင်းနဲ့ ဆရာတော် သံဃာတော်တွေကိုလည်း အင်မတန်ကျေးဇူးတင်မိပါတယ်။ အခုလိုမျိုး သားစဉ်မြေးဆက်သမိုင်းမှာ တွင်ကျန်ရစ်မယ့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်တွေအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမယ့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်ပါတယ်။

နိုင်ငံအတွက်၊ တိုင်းပြည်အတွက် ဘယ်လိုပင်ကောင်းမွန်အောင် လုပ်ဆောင်လည်းပဲ အဖျက်ဆိုတာ နေရာတိုင်းမှာရှိနေဆဲပါ။ လူမိုက်တွေရဲ့ ဝိုင်းဝန်းရှုတ်ချအပြစ်တင်တာကိုလည်း ဂရုစိုက်ဖို့မလိုပါဘူး။ တကယ်တော့ သူတော်ကောင်းတွေက အပြစ်တင် ဝေဖန်မှာကိုပဲ စိုးရိမ်ရတာပါ။ အခုတော့ သူတော်ကောင်းတွေက ဝမ်းမြောက်ဝမ်းသာပီတိဖြစ်တယ်ဆိုရင် နိုင်ငံအတွက် ဝမ်းသာဂုဏ်ယူရမှာဖြစ်ပါတယ်။

**ဦးလှမောင်(နေပြည်တော်)**

မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ထုဆစ်ပူဇော်နေတဲ့အချိန်ကစပြီး လာရောက်ဖူးမြော်ချင်တဲ့ဆန္ဒတွေဖြစ်နေခဲ့တာပါ။ အခုတော့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် အင်မတန်ဝမ်းသာမိပါတယ်။ ရုပ်ပွားတော်မြတ်ကြီးက မြန်မာရဲ့ဂုဏ်ကိုဖော်ပြနေသလိုမြန်မာကိုကမ္ဘာကသိအောင် ဖော်ပြနေသလိုဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ အခုလို ခမ်းနားကြီးကျယ်လှတဲ့ဘုရားကို အနယ်နယ်အရပ်ရပ်က အများပြည်သူတွေ လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ပါတယ်။ ဘုရားမှာ ၂၄ ပစ္စည်း၊ ပဋ္ဌာန်းပူဇော်ထားတာတွေကို လေ့လာပူဇော်ဖြစ်ပါတယ်။ ပြီးတော့ ကျောက်စာရုံကိုလည်းသွားရောက်လေ့လာ ဖူးမြော်ဦးမယ်။ အခုလို ကြီးကျယ်ခမ်းနားလှတဲ့ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ခွင့်ရတဲ့အတွက် ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုလို စကျင်ကျောက်နဲ့ ထုဆစ်ထားတဲ့ ခမ်းနားလှတဲ့ဘုရား ကမ္ဘာပေါ်မှာ မရှိသေးပါဘူး။ ဒါကြောင့် ကမ္ဘာသူ ကမ္ဘာသားအားလုံးကို လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**ကိုအတီး(ရန်ကုန်မြို့)**

အခုလို မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ခွင့်ရတာ ဝမ်းသာပါတယ်။ ဘုရားကြီးက ထင်ရှားသပ္ပာယ်ပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်တွေထဲမှာ ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အင်မတန်ဂုဏ်ယူရပါတယ်။ ဘုရားကိုဦးဆောင်ပြီးတည်ထားတဲ့ပုဂ္ဂိုလ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဘုရားကြီးပြီးလို့ ဖူးမြော်ခွင့်ရပြီဆိုကတည်းက ဖူးမြော်ချင်ခဲ့တာပါ။ အခုလို ဖူးမြော်ခွင့်ရတော့လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။ မာရဝိဇယရုပ်ပွားတော်မြတ်ကို မည်သူမဆိုလာရောက်ဖူးမြော်စေချင်ပါတယ်။ အားလုံးကိုလည်း လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ယဉ်ယဉ်အေး(ရန်ကုန်မြို့)**

အခုလို မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ရတာ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ရန်ကုန်ကနေ လာရောက်ဖူးမြော်တာပါ။ မြန်မာနိုင်ငံမှာ အကြီးဆုံး ရုပ်ပွားတော်ကြီးဖြစ်တဲ့အတွက် အတိုင်းမသိ ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်ရပါတယ်။ တီဗွီကနေ ရုပ်ပွားတော်မြတ်ကြီးရဲ့ အစိတ်အပိုင်း စကျင်ကျောက်တွေကို ခက်ခက်ခဲခဲ သယ်ဆောင်ရတာတွေ၊ ပြီးတော့ ခေတ်မီနည်းပညာတွေနဲ့ ထုဆစ်တာတွေကို ကြည့်ရပါတယ်။ ပြီးတော့ စကျင်ကျောက်ပေါ် ခေတ်မီနည်းပညာတွေနဲ့ ကျောက်စာထွင်းတာတွေကို ကြားသိပြီး စိတ်ဝင်စားပြီး လာရောက်ဖူးမြော်ဖြစ်တာပါ။ အားလုံးလည်း လာရောက်ဖူးမြော်ကြပါလို့ ပြောချင်ပါတယ်။

**ဦးအောင်ကျော်ဦး(နေပြည်တော်)**

မာရဝိဇယ ကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးဟာ ကမ္ဘာမှာ မြန်မာလို့ကျော်ကြားစေသလို ဒို့မြန်မာတွေ ဘယ်လောက်လုပ်နိုင်တယ်ဆိုတာ ပြသလိုက်သလိုပါပဲ။ ကမ္ဘာမှာ မြန်မာကပဲ ဉာဏ်တော်အမြင့်ဆုံး ကျောက်ဆစ်ရုပ်ပွားတော်ကို တည်နိုင်တယ်ဆိုတာ ဂုဏ်ယူစရာပါ။ ဒါ့ကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသားတစ်ယောက်အနေနဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်စေချင်ပါတယ်။ ရုပ်ပွားတော်မြတ်ကြီးကို ထုဆစ်ကြတဲ့ မြန်မာဗိသုကာပညာရှင်တွေ အင်မတန်တော်ကြပါတယ်။ ဒီလိုခမ်းနားထည်ဝါစွာ တည်ထားပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကားနေမှုမြင်ကွင်း



















ဓာတ်ပုံ - သတင်းစဉ်

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုဆောင်းပါး

# လူငယ်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့

(ယမန်နေ့မှအဆက်)

**အားကစားကဏ္ဍသည် အရေးကြီး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာစေရေး"ဆိုသည့် လူမှုရေးဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ လူငယ်များအား ငယ်ရွယ်စဉ်ကတည်းက ပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားပြီး ကျန်းမာကြံ့ခိုင်၍ ဗလငါးတန်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးသွားမည့် ရည်ရွယ်ချက်နှင့်အညီ လူငယ်များ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားနှင့် ကာယပညာဖြင့် ပေါင်းစပ်အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိရာ အခြေခံပညာကျောင်းများနှင့် နည်းပညာကောလိပ်များ၊ တက္ကသိုလ်များသို့ သွားရောက်၍ အားကစားနှင့် လူငယ်ဆိုင်ရာ ဟောပြောပွဲများပြုလုပ်ခြင်း၊ အားကစားနည်းများ သရုပ်ပြသခြင်း၊ အားကစားနည်းအလိုက် သင်တန်းများဖွင့်လှစ်ခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အခြေခံအားကစားနည်းတစ်ရပ်ရပ်ကို လေ့လာလိုက်စားခြင်းအားဖြင့် ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ထက်မြက်သောလူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး စနစ်တကျ ဆက်လက်လေ့ကျင့် ပြုစုပျိုးထောင်ပေးနိုင်ပါက အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ်ပေးနိုင်မည်ဖြစ်ပေသည်။ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် နွေရာသီ အားကစားအခြေခံသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ ၎င်းသင်တန်းများမှတစ်ဆင့် ကျန်းမာကြံ့ခိုင်သော လူငယ်လူရွယ်များ၊ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားလူရည်ချွန်များ ပေါ်ထွက်လာမည်ဖြစ်ပေသည်။

ထိုရည်မှန်းချက်နှင့်အညီ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနကကြီးမှူး၍ နွေရာသီအားကစားသင်တန်းများကို ခရိုင်/ မြို့နယ်အသီးသီးတွင် စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခဲ့ရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နွေရာသီအားကစားအခြေခံသင်တန်းများသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၄၁၅၀ ပါဝင်တက်ရောက်ခဲ့ပါသည်။ ယင်းကဲ့သို့ စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးမှုများကြောင့်လည်း ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲများတွင် မြန်မာလူငယ်အားကစားသမားများသည် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုများ ရယူပေးနိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပေသည်။

ကမ္ဘာ့နိုင်ငံများတွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုနည်းလမ်းများအဖြစ် လူငယ်ဖလှယ်ရေးအစီအစဉ်များ (Youth Exchange Program)၊ လူငယ်ခေါင်းဆောင်မှုအစီအစဉ်များ (Youth Leadership Program)၊ လူငယ်စေတနာ့ဝန်ထမ်းအခွင့်အလမ်းများ(Youth Volunteer Opportunities)၊ ၂၁ ရာစုကျွမ်းကျင်မှုအတတ်ပညာများအပါအဝင် ကျွမ်းကျင်မှုသင်တန်းများ(Skills Training)နှင့် လူမှုရေးဆိုင်ရာစွမ်းဆောင်မှုအစီအစဉ်များ (Social Entrepreneurship Program)များကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**လူငယ်လေ့လာရေးခရီးစဉ်**

လူငယ်ရေးရာဦးစီးဌာနအနေဖြင့် လူငယ်လူရွယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပတ်ဝန်းကျင်ဒေသန္တရဗဟုသုတများ တိုးပွားလာစေရန်၊ လူငယ်အချင်းချင်း အတွေ့အကြုံဗဟုသုတများ ဖလှယ်နိုင်စေရန်နှင့် လူငယ်အချင်းချင်းကြား ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရန်ရည်ရွယ်၍ လူငယ်လေ့လာရေးခရီးစဉ်များ၊ အသင်းအလိုက်လှုပ်ရှားမှုများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်) လူငယ်ဖွံ့ဖြိုးရေးဂေဟာမှ လူငယ်များအားလည်းကောင်း၊ အဝါရောင်မျိုးဆက်သစ်ပရဟိတအသင်း(YGW) လူငယ်ဖွံ့ဖြိုးရေးကျောင်းမှ လူငယ်များအားလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ လူငယ်များအား ဖိတ်ကြား၍ လူငယ်ရေးရာအသိပညာပေး ဟောပြောခြင်း၊ စုပေါင်းဂိမ်းကစားခြင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် အားကစားရုံတို့ကို လေ့လာခြင်း၊ အားကစားပြိုင်ပွဲများ ကြည့်ရှုအားပေးခြင်း၊ ဝဏ္ဏသိဒ္ဓိ ရေကူးကန်တွင် ရေကူးအားကစားသရုပ်ပြမှုအား ကြည့်ရှုလေ့လာခြင်း၊ မြန်မာ့အားကစား လှုပ်ရှားမှုများပြခန်း (အားကစားပြတိုက်နှင့်ပြခန်း) ကို လေ့လာခြင်း၊ မြန်မာ့ရိုးရာ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများသို့ သွားရောက်လေ့လာအားပေးခြင်း စသည့် လူငယ်လေ့လာရေးခရီးစဉ် လေးကြိမ်တိတိကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုနှင့် လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဖြင့်သာ အဓိကတည်ဆောက်ရမည်ဖြစ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင် လူငယ်လူရွယ်များဖြင့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်လူရွယ်များအား အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုပညာရပ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် လွန်စွာအရေးကြီးလှပါသည်။

အနာဂတ်မျှော်မှန်းချက် အလားအလာများနှင့် ပြည့်ဝနေသော လူငယ်များ၏ အရည်အသွေးနှင့် စိတ်ဓာတ်ကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးနိုင်မည့် ပညာရေးရပ်ဝန်း ဖော်ဆောင်ပေးရန် လိုအပ်မည်ဖြစ်သည်။

**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်းဖွင့်လှစ်**

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း အစီရင်ခံစာအရ အသက် (၁၅) နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်နှုန်းမှာ ၆၃ ရာခိုင်နှုန်းဖြစ်ပြီး အလုပ်လက်မဲ့နှုန်းမှာ ၂ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပါသည်။ တစ်ဖန် အသက် (၁၅) နှစ်အထက်လူဦးရေ၊ တစ်နည်းအားဖြင့် အလုပ်လုပ်နိုင်သူဦးရေ စုစုပေါင်း ၂၂ ဒသမ ၉ သန်းရှိသည့်အနက် တစ်ဝက်ခန့်သာ အလယ်တန်းအဆင့်ပညာ တတ်မြောက်ကြောင်း သိရှိရသည်။ နိုင်ငံတော်

> **"အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်မှုအစီအမံများနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ကမ္ဘာ့နိုင်ငံအများစုက လက်ခံကျင့်သုံးဆောင်ရွက်လျက်ရှိရာ လက်ရှိမြန်မာနိုင်ငံအခြေအနေ၏ လူငယ်ထု၊ တစ်နည်းအားဖြင့် လုပ်သားအင်အားများပြားနေသည့် အားသာချက်ကို ကောင်းစွာအသုံးပြု၍ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်ကာလတွင် ရင်းနှီးမြှုပ်နှံခြင်းများ ပြုလုပ်သွားရမည်"**

စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပညာရေးဝန်ကြီးဌာနမှ ဦးဆောင်ကာ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေး ညီလာခံ(၂၀၂၃) ကို ကျင်းပပြုလုပ်ခဲ့ပြီး ပညာရေးတန်းစဉ်ကူးပြောင်းမှု နည်းပါးခြင်းကို ကုစားနိုင်မည့် နည်းလမ်းများရှာဖွေခြင်း၊ ကျောင်းတက်သူဦးရေ တိုးတက်လာစေမည့်နည်းလမ်းများ ရှာဖွေခြင်း၊ KG+9 ပညာရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ဆောင်ရွက်နိုင်ရေးနှင့် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုစေမည့် အသက်မွေးဝမ်းကျောင်းပညာ အခြေခံရရှိရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်၍ KG+ 10, 11, 12 တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနည်းပညာရပ်များကို ခရိုင် ၅၀ ရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်း ဖွင့်လှစ်ကာ သင်ကြားပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီများကလည်း ဆက်စပ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထောက်အကူပြုစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်နှင့် လူငယ်များ သမ္မာအာဇီဝကျကျ လုပ်ကိုင်တတ်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းသင်တန်း၊ တန်ဖိုးမြင့်စားသောက်ကုန်သင်တန်း၊ အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာပေးသင်တန်း၊ တစ်လုံးထိုးအင်ဂျင် ပြုပြင်ခြင်းသင်တန်း၊ ပိုက်ပြင်/ပိုက်ဆက်သင်တန်း၊ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း အခြေခံသင်တန်း၊ Fancy လက်မှုထည် ထုတ်လုပ်နည်းသင်တန်း၊ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ အခြေခံဓာတ်ပုံပညာသင်တန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် ဇွန်လအထိ မသန်စွမ်းလူငယ်များအပါအဝင် လူငယ်များ စွမ်းဆောင်ရည်မြင့်မားရေးနှင့် အလုပ်အကိုင်ရရှိရေးအတွက် သက်မွေးသင်တန်းများ စုစုပေါင်း (၁၈) ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၃၃ ဦး တက်ရောက်နိုင်ခဲ့ပါသည်။

လူငယ်ရေးရာဦးစီးဌာနအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာဆက်လက်မသင်ယူနိုင်သော အထူးအလေးပေးရမည့် လူငယ်များအုပ်စုတွင်ပါဝင်သည့် လူငယ်များအား အသက်မွေးဝမ်းကျောင်းပညာ ဆက်လက်သင်ယူနိုင်ရေးနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်းပညာသင်စရိတ် ထောက်ပံ့ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်**

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး ( ASEAN Ministerial Meeting On Youth – AMMY) နှင့် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Officials Meeting On Youth – SOMY) ၏ တာဝန်ဝတ္တရားများနှင့် အာဆီယံလူငယ်ရေးရာလုပ်ငန်းစဉ်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် Virtual စနစ်ဖြင့် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး (AMMY XII)နှင့် (၈)ကြိမ်မြောက် အာဆီယံ+၃ လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး (8th AMMY+3) တို့တွင် လက်ရှိဥက္ကဋ္ဌ မလေးရှားနိုင်ငံ လူငယ်နှင့်အားကစားဝန်ကြီးက ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၏ ဥက္ကဋ္ဌတာဝန်များကို မြန်မာနိုင်ငံအား တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ရာ မြန်မာနိုင်ငံ အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးအဖွဲ့ခေါင်းဆောင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့သည်။

(၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

**မောင်လူအေး(ရေစကြို)**

**စာမျက်နှာ ၇ သို့** ✦

✦ စာမျက်နှာ ၆ မှ

အာဆီယံလူငယ်ဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၀၂၁-၂၀၂၅ (ASEAN Work Plan on Youth 2021–2025)တွင် ပါဝင်သည့် လူငယ်များ၏ အခွင့်အရေးများကို မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည့် ရည်မှန်းချက်များနှင့်အညီ အာဆီယံဒေသအဆင့် ဆွေးနွေးပွဲများ၊ ညီလာခံများ၊ သင်တန်းများ၊ ပြိုင်ပွဲအစီအစဉ်များတွင် မြန်မာလူငယ်များ ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ မိတ်ဖက်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် ဇွန်လအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံ+၃ နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ဦးဆောင်ကျင်းပခဲ့သည့် အစည်းအဝေး ခြောက်ကြိမ်၊ သင်တန်းတစ်ကြိမ်၊ ပြိုင်ပွဲ ၁၀ ကြိမ်၊ ဆွေးနွေးပွဲ ၁၉ ကြိမ်တို့တွင် မြန်မာလူငယ်ကိုယ်စားလှယ် စုစုပေါင်း ၈၇ ဦး ပါဝင်တက်ရောက်နိုင်ခဲ့ပါသည်။

**အဘက်ဘက်မှ ဖြေတောင်ဖြောက်ပြုစုပျိုးထောင်**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနအနေဖြင့် “**လူငယ်အင်အားစွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့**” ဟူသည့် ဆောင်ပုဒ်နှင့်အညီ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဗဟိုချက်ဌာနအဖြစ် တာဝန်ယူကာ ဆက်စပ်ဌာန/ အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် လူငယ်များ၏ နယ်ပယ်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ လူငယ်များ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် မျိုးဆက်သစ်လူငယ်များ၏ အရေးပါသော အခန်းကဏ္ဍကို လျစ်လျူရှု ချန်လှပ်ထားခြင်းမရှိဘဲ အပြည့်အဝပူးပေါင်းပါဝင်နိုင်ရေး အဘက်ဘက်မှ မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးလျက်ရှိသကဲ့သို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်မှုအစီအမံများနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုများသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ကမ္ဘာ့နိုင်ငံအများစုက လက်ခံကျင့်သုံးဆောင်ရွက်လျက်ရှိရာ လက်ရှိမြန်မာနိုင်ငံအခြေအနေ၏ လူငယ်ထု၊ တစ်နည်းအားဖြင့် လုပ်သားအင်အားများပြားနေသည့် အားသာချက်ကို ကောင်းစွာအသုံးပြု၍ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်ကာလတွင် ရင်းနှီးမြှုပ်နှံခြင်းများ ပြုလုပ်သွားရမည် ဖြစ်ပါသည်။

လူငယ်ကဏ္ဍ ရင်းနှီးမြှုပ်နှံခြင်းသည် လတ်တလော အကျိုးသက်ရောက်မှုအတွက် မဟုတ်ဘဲ နိုင်ငံ၏အနာဂတ်မျိုးဆက်များအတွက် ရည်ရွယ်၍ အစိုးရတိုင်းက မဖြစ်မနေ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားတစ်ရပ်ဖြစ်ကြောင်း သတိပြုရမည်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားသောအင်အားစုဖြစ်သည့် လူငယ်များ၏ အရည်အသွေး စွမ်းပကားအား စနစ်တကျ အကျိုးရှိစွာ ကိုင်တွယ်အသုံးပြု၍ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အနာဂတ်တွင် မိမိတို့မျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့် စည်းလုံးညီညွတ်၍ သဟဇာတဖြစ်သည့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ထူးချွန်ထက်မြက်သော၊ ကျန်းမာကြံ့ခိုင်သော၊ တွေးခေါ်နိုင်စွမ်းရှိသော၊ အကျင့်စာရိတ္တကောင်းမွန်သော၊ နိုင်ငံကြီးသားပီသသော၊ တာဝန်ယူမှု တာဝန်ခံမှုရှိသော၊ အတ္တနှင့်ပရမှျတသော၊ လူ့ကျင့်ဝတ် လူ့တန်ဖိုးကို အလေးထား၍ စိတ်ဓာတ် စည်းကမ်းကောင်းမွန်သော လူကောင်းလူတော်များဖြင့်သာ ဖန်တီးဖော်ဆောင်ပေးနိုင်မည်ဖြစ်ရာ နိုင်ငံ၏ အနာဂတ်အတွက် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကော်မတီများနှင့် တာဝန်ရှိသူအားလုံးက ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု တာဝန်ခံမှု အားကောင်းစွာဖြင့် ကြိုးပမ်းအားထုတ်သွားရမည် ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်ရင်း **၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

**ကိုးကား-**

- **လူငယ်ရေးရာမူဝါဒ၊ ၂၀၁၇**
- **လူငယ်ရေးရာမူဝါဒဆိုင်ရာ မဟာဗျူဟာစီမံချက်(၂၀၂၀-၂၀၂၄)**
- **မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၃ မေ ၁၉**
- **မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၃ ဇွန် ၁၈**
- **မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၃ ဇူလိုင် ၁၂**

❐ ရှေ့ဖုံးမှ

ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၄)ရှိ မဟာဗောဓာရုံ ပရိယတ္တိစာသင်တိုက် တန့်ယန်းမြို့ရှိ ဓမ္မဂုဏ်ရည်ကျောင်းတိုက်နှင့် ကွမ်းလုံမြို့ရှိ ကွန်မြင့်ရွာဦးဘုန်းတော်ကြီးကျောင်းအစရှိသော မြို့နယ်(၃)မြို့နယ်တို့မှ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်များ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆရာတော်၊ သံဃာတော် ၁၀၆ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ငါးပါးနှင့် ဒေသခံပြည်သူ ၄၈၂ ဦးတို့အား မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်၊ အာထရာဆောင်းစက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သတင်းတင်ဆက်မှု ဒေသတွင်း အွန်လိုင်းဆွေးနွေးပွဲသို့ MRTV မှ ဝန်ထမ်းများ အွန်လိုင်းဖြင့် ပါဝင်တက်ရောက်

**နေပြည်တော်   ဩဂုတ် ၁၀**

ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သတင်းတင်ဆက်မှု ဒေသတွင်း အွန်လိုင်းဆွေးနွေးပွဲ (Regional Webinar on Climate Change) ကို ယနေ့မွန်းလွဲပိုင်းက ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများမှ ကိုယ်စားလှယ်ပေါင်း ၄၀ ကျော်နှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းခြောက်ဦး ပါဝင်တက်ရောက်ကြသည်။

**ရည်ရွယ်ဆောင်ရွက်**



အဆိုပါ ဆွေးနွေးပွဲကို အာရှနှင့်ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများ၏ ရုပ်သံနှင့် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Asia-Pacific Institute for Broadcasting Development-AIBD)၏ စီစဉ်မှုဖြင့် မလေးရှားနိုင်ငံမှ ပြုလုပ်ခြင်းဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများသည် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပါ ကတိကဝတ်ကို လိုက်နာဆောင်ရွက်ရာတွင် ရာသီဥတု ပြောင်းလဲရေးကို လျှော့ချရေးဆိုင်ရာ ကတိကဝတ်များနှင့်အညီ မီဒီယာ၏ အခန်းကဏ္ဍတွင်လည်း သတင်းအချက်အလက်ဖြန့်ဝေမှုတွင် အရေးပါသဖြင့် အလေးထားဆောင်ရွက်ရန် လိုအပ်မှုကို ပြသရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ဆွေးနွေးပွဲ၌ အသိပညာမြှင့်တင်မှုတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေးမှုနှင့် ရာသီဥတုပြောင်းလဲမှု အခြေအနေများ၊ သတင်းတင်ဆက်ခြင်းနှင့် ပရိသတ်အလွှာအမျိုးမျိုး ပါဝင်ပတ်သက်မှုဆိုင်ရာ လက်တွေ့ကျသော လမ်းညွှန်မှုများ ဖြည့်ဆည်းပေးခြင်း၊ မူဝါဒပေါင်းစပ်မှုများ အားပေးမြှင့်တင်ရာတွင် မီဒီယာနည်းလမ်းမှတစ်ဆင့် အမျိုးသားအဆင့်မူဝါဒများတွင် ရာသီဥတုပြောင်းလဲမှု ပေါင်းစပ်ခြင်းအတွက် ထောက်ခံခြင်းနှင့် အကျိုးသက်ရောက်မှုရှိသော သတင်းတင်ဆက်မှုအတွက် ဆန်းသစ်တီထွင်ချဉ်းကပ်မှုများနှင့် နည်းပညာများအား မျှဝေဆွေးနွေးခြင်းစသည်ဖြင့် အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် နိုင်ဂျီးရီးယားနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များက အမြင်ချင်းဖလှယ်ပြီး မျှဝေဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Certificate in Digital Marketing and Innovation-CDMI(Batch-I) ဖွင့်လှစ်မည်

**သန်လျင်   ဩဂုတ်   ၁၀**

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို တတ်သိနားလည်ပြီး အသုံးချနိုင်စေရန်၊ ပြိုင်ဘက်လုပ်ငန်းများထက် သာလွန်သောဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာ သဘောတရားများ၊ နည်းလမ်းများနှင့် ဆန်းသစ်တီထွင်မှုများကို သိရှိစေရန်၊ လက်တွေ့ဈေးကွက်ဖော်ဆောင်ရာ၌ ကြုံတွေ့ရမည့် ပြဿနာများကို ဖြေရှင်းရာတွင် နည်းစနစ်ကျစွာ တွေးခေါ်တီထွင် ဆန်းသစ်နိုင်စေရေးအတွက် အထောက်အကူပြုနိုင်စေရန်နှင့် နိုင်ငံတကာအဆင့် ဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာ နည်းပညာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ Certificate in Digital Marketing and Innovation-CDMI(Batch-I) Free Online Certificate Course ကို ၂၀၂၃ ခုနှစ် ဩဂုတ်လ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် https://forms.gle/FX5QmvXRrJvYcF8U9 Link မှတစ်ဆင့် Google Form တွင် ဖြည့်စွက်ပြီး ၁၆-၈-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဩဝါဒခံယူ

ရန်ကုန် ဩဂုတ် ၁၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးဘုရားခန်းမ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တာဝန်ကျ ဒုတိယအဖွဲ့ခွဲ ဆရာတော်ကြီးများကို ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။



ပြည်ထောင်စု ဝန်ကြီးက လျှောက်ထားရာတွင် ဆရာတော်ကြီးများအား ဦးဦးဖျားဖျား လာရောက်ဖူးမြော်ကြည်ညိုခွင့် ရရှိခဲ့ခြင်းကြောင့် သမဏာနုဗ္ဗဒဿန မင်္ဂလာတရားများ တိုးပွားရပါကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ထေရဝါဒ ငါးနိုင်ငံအနက် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာတော်ကြီး သုံးရပ်တွင် ဝိနည်းသိက္ခာပုဒ် ကျင့်သုံးရာ၌ အလေးအနက်ထားသည့် နေရာတွင်သော်လည်းကောင်း၊ တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော် ၁၅ ပါး ပေါ်ထွန်းနိုင်ခဲ့ခြင်းသည်လည်းကောင်း မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာရှိသည်ကို လေ့လာ တွေ့ရှိရပါကြောင်း၊ သာသနာတော်နှစ် ၅၀၀၀ တည်တံ့ရေးတွင် တပည့်တော်တို့၏ မြန်မာနိုင်ငံတော်ကြီး တစ်ခုတည်းသာ နောက်ဆုံးခံတပ်ကြီးဖြစ်နေမည်ဟု ခံယူမိပါကြောင်း၊ သို့ဖြစ်ပါ၍ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့အဓွန့်ရှည်ပြန့်ပွားစေရေးအတွက် ဆရာတော်ကြီးများက လိုအပ်သည်များကို လမ်းညွှန်ဩဝါဒပေးတော်မူပါရန်နှင့် တပည့်တော်တို့အနေဖြင့် ဆရာဒကာလက်တွဲ၍ ဝိုင်းဝန်းကူညီ ထောက်ပံ့အားပေး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဩဝါဒကထာ မြွက်ကြားရာတွင် မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ အဓွန့်ရှည် ပြန့်ပွားရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် ကိစ္စများစွာရှိပါကြောင်း၊ ထိုကိစ္စများစွာထဲမှ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားသည့် ဗုဒ္ဓဥယျာဉ်တော် အတွင်း၌ ဘုရားရှင်၏ သာသနာတော်ကြီး အရှည်ခံ့တည်တံ့ ပြန့်ပွားနိုင်ကြောင်းဖြစ်သည့် ပိဋကတ်တော်များကို ကျောက်စာရေးထွင်းခဲ့ခြင်းဖြစ်ပြီး ထို့ထက်ပို၍ ပြန့်ပွားရန် ဆဋ္ဌသင်္ဂါယနာ တင်ချိန်မှစ၍ ပိဋကတ်ပုံနှိပ်တိုက်က ပါဠိတော်၊ အဋ္ဌကထာကျမ်းစာအုပ်များ ပုံနှိပ်၍ ထုတ်ဝေမှုကိုပို၍ ဆောင်ရွက်ပေးသင့်ကြောင်း၊ မဃဒေဝလင်္ကာ ဆရာတော်ကြီး ညွှန်ကြားတော်မူခဲ့သည့်အတိုင်း သူများထက်သာသည့် မေတ္တာ၊ ကရုဏာ၊ ခန္တီတရားများကို မိမိသန္တာန်၌ထားပြီး လုပ်ငန်းတာဝန်များကို ဆောင်ရွက်တိုင်း အောင်မြင်မှုဆိုသည့်တရားများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း မိန့်ကြားသည်။

**မိန့်ကြား**

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ကျောက်မဲဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒနသာရက ဩဝါဒကထာ မြွက်ကြားရာတွင် အပ္ပမာဒေန သမ္ပာဒေထ မေ့မေ့လျော့လျော့ မနေကြနှင့်ဟူသည့် တစ်ခွန်းတည်းကိုသာ မြတ်စွာဘုရားရှင်က တပည့်ပရိသတ်များကို မှာကြားခဲ့ကြောင်း၊ မည်သည့်အရာကိုမျှ ကာယကံဖြစ်စေ၊ ဝစီကံဖြစ်စေ၊ မနောကံဖြစ်စေ အမှတ်တမဲ့ မေ့မေ့လျော့လျော့ဖြင့် မလုပ်မိကြစေရန် မြတ်စွာဘုရားရှင်က မှာကြားခဲ့ခြင်းဖြစ်ကြောင်း၊ အားလုံးသော ပုဂ္ဂိုလ်များကလည်း ဗုဒ္ဓမြတ်စွာ သာသနာ၏ အဆုံးအမဩဝါဒ ဖြစ်သည့် အပ္ပမာဒတရား လက်ကိုင်ထားပြီး မိမိတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ပြုမူပြောဆို ကြံစည်ဆောင်ရွက် လုပ်ကိုင်ကြရန်လိုအပ်ကြောင်း မိန့်ကြားသည်။

ဆက်လက်၍ ကျောက်မဲဆရာတော်က ဘုရားဟောတရားတော်များကို မှတ်တမ်းတင်ထားခြင်းမှာ အထူးပင်ကောင်းမွန်ပြီး လူသားအားလုံးအမှန်တကယ် လိုက်နာကျင့်သုံးရမည့် အချက်များဖြစ်ပါကြောင်း၊ မကောင်းသည့် အလုပ်မလုပ်နှင့်၊ ကောင်းသည့် အလုပ်ကိုလုပ်၊ မိမိစိတ်ကို ဖြူအောင်ထားရမည် ဆိုသည့် ဗုဒ္ဓမြတ်စွာ၏ တရားတော်အတိုင်း လိုက်နာ ကျင့်သုံးရမည်ဖြစ်ကြောင်း၊ အသင့်အတင့် နှလုံးသွင်းပြီး ယောနိသောမနသိကာရ လက်ကိုင်ထားပြီး ဆောင်ရွက် ပြောဆိုကြံစည်လုပ်ကိုင်ကြရန် ဩဝါဒမိန့်ကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်က လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာနှင့် ရေစက်သွန်းတရား ဟောကြားချီးမြှင့်ပြီး ဆရာတော်ကြီးများကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် ဩဂုတ် ၁၀

ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သပြေတန်းကျေးရွာရှိ တောင်သူ ဒေါ်ယုယုလွင်၏ လယ်၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက စိုက်ပျိုးရေးလုပ်ငန်းများ ရာသီအချိန်မီ ဆောင်ရွက်နိုင်ရန် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ မဖြစ်မနေကူးပြောင်းဆောင်ရွက်ရမည်ဖြစ်သည့်အတွက် စက်ဖြင့်ထွန်ယက်ခြင်း၊ စက်ဖြင့် မျိုးစေ့ချခြင်း၊ စက်ဖြင့်စိုက်ခြင်း၊ စက်ဖြင့်ရိတ်ခြင်းလုပ်ငန်းများကို မြို့နယ်များရှိ ထွန်စက်စခန်းကြီးများမှ တောင်သူများအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် မျိုးကောင်းမျိုးသန့်များ အသုံးပြုခြင်း၊ နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ခြင်း၊ ရေကိုတန်ဖိုးထားသုံးစွဲခြင်းနှင့် သွင်းအားစုများ ပြည့်ပြည့်ဝဝထည့်သွင်းပြီး စနစ်တကျဆောင်ရွက်မည်ဆိုပါက စားရေရိက္ခာဖူလုံရေးနှင့် ဝမ်းစာပြည့်မီရေးအတွက် မိမိတို့ လိုအပ်သော ပန်းတိုင်သို့ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်ပျိုးမှုအခြေအနေ၊ နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဦးစီးမှူးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သီးနှံအမျိုးမျိုးကို စက်ကိရိယာအသုံးပြု၍ စိုက်ပျိုးမှုအခြေအနေနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တောင်သူများ၏ မိုးစပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုနှင့် စပါးမျိုးစေ့ချပျိုးထောင်စက်၊ ကောက်စိုက်စက်နှင့် တွဲဖက်သုံး စပါးမျိုးစေ့ချကိရိယာ သရုပ်ပြဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် ရေဆင်းရေလှောင်တမံရှင်းလင်းဆောင်၌ ရေအသုံးချသူများအဖွဲ့ (WUG) နှင့် တွေ့ဆုံခဲ့ပြီး နေပြည်တော်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရေဆင်းရေလှောင်တမံ ဆိုင်ရာ အချက်အလက်များ၊ ဆည်အတွင်းသို့ ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ စိုက်ပျိုးရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကိုမှာကြားပြီး ဆည်အတွင်း ရေဝင်ရောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်ဗိုလ်မှူးကြီး မင်းနောင်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ တာဝန်ရှိသူများနှင့်အတူ မင်္ဂလာကန်အမှတ်(၂)၏ ကန်ပတ်လမ်းတွင် ဆောင်ရွက်နေသည့် မော်တော်ယာဉ်ရပ်နားရန် နေရာပါဝင်သော မြေယာရှုခင်းအတွက် မြေပြင်ဆင်နေမှုနှင့် ပန်းအလှပင်စိုက်ပျိုးမှု၊ ကြာနှင့်ဗေဒါများ၊ အမှိုက်များကို ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မင်္ဂလာကန်ရေပြင် ကြည်လင်သန့်ရှင်းစေရေး ဆောင်ရွက်ကြရန် မှာကြားသည်။

**သတင်းစဉ်**



# မိုင်းပန်မြို့နယ်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

မိုင်းပန် ဩဂုတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ(ပထမအကြိမ်)ထောက်ပံ့သည့် ဓာတ်မြေဩဇာပေးအပ်ပွဲအခမ်းအနားကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်မိုးက မိုးစပါး ပန်းတိုင်ထွက်ဧက တစ်ဧကအတွက် တင်း ၁၀၀ နှင့်အထက်ထွက်ရှိစေရေးအတွက် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်းနှင့် စပါးသက်တမ်းအလိုက် ထည့်သွင်းရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

မိုင်းပန်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးဧကပေါင်း ၆၄၂၀ ရှိပြီး မိုးစပါးပန်းတိုင်စိုက် ဧက ၁၄၀၀ ရှိရာ မိုးစပါးပန်းတိုင်စိုက် တောင်သူစုစုပေါင်း ၆၀ အတွက် ဓာတ်မြေဩဇာ စုစုပေါင်း အိတ် ၁၅၀ ကို (အခမဲ့) ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်) ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း အဖွဲ့မှ အဖွဲ့ဝင်များဖြစ်သော ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ထံသို့ တင်ပြရသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာတွင် သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူရသည့်ကဏ္ဍများအတွက် အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို ပူးပေါင်း၍ ရေးသားပြုစုခဲ့ကြောင်း၊ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေး အဖွဲ့ (FATF) ၏ စံသတ်မှတ်ချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့၏ မျက်နှာစုံညီ အစည်းအဝေးတွင် သက်ဆိုင်ရာဌာနများ၏ တာဝန်ရှိသူများအနေဖြင့် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို သေချာရှင်းလင်းတင်ပြနိုင်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း အဖွဲ့ ဒုတိယဥက္ကဋ္ဌက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေးတွင် တင်ပြမည့် အချက်များအပေါ် ကြိုတင်ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးခဲ့သည်။ ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် တာဝန်ရှိသူများက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မုံရွာ ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး DICA အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အမှာစကားပြောကြား**

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဉာဏ်မြင့်ကျော်က မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းစီမံချက်ပါ လုပ်ငန်းများအပေါ် ၂၀၂၃ ခုနှစ် ပထမခြောက်လပတ် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော စစ်ကိုင်းတိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဝင် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ အသိပညာပေးရေး၊ ဆေးကုသပေးရေးနှင့် အစားထိုးဖွံ့ဖြိုးရေး စသည့် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ပထမခြောက်လပတ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်၍ ဒုတိယခြောက်လပတ်အတွက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ ဆွေးနွေး တင်ပြမှုများအပေါ် တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးဥက္ကဋ္ဌက လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကော့သောင်းမြို့၌ အခြေခံနှင့်မွမ်းမံ စက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

ကော့သောင်း ဩဂုတ် ၁၀

ကော့သောင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အခြေခံနှင့်မွမ်းမံ စက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ကော့သောင်းမြို့နယ် စိုင်ဒင်းကျေးရွာ ဘက်စုံသုံးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကော့သောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားသည်။ ယင်းနောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးထက်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ခေါင်းဆောင် ဒေါ်မြင့်မြင့်သီထံ စီမံကိန်းပေးအပ်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုက သင်တန်းသုံး သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါ အခြေခံနှင့်မွမ်းမံစက်ချုပ်သင်တန်းတွင် စိုင်ဒင်းကျေးရွာနေ သင်တန်းသူ ၁၀ ဦးအား သင်တန်းကာလ နှစ်လကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# လူထုအခြေပြုဗဟိုဌာန (ပန်းတနော်)၌ လူငယ်စကားဝိုင်း ကျင်းပ

ပန်းတနော် ဩဂုတ် ၁၀

ဧရာဝတီတိုင်း ဒေသကြီး ပန်းတနော်မြို့နယ်၌ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက လူထုအခြေပြု ဗဟိုဌာန (ပန်းတနော်) ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာနဦးစီးအရာရှိ ဦးဆန်းထွဋ်က အားကစားနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် အထက(၂)မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် အားကစား၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့် ပြည်သူ့နီတိ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင် ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးသည်။

ယင်းနောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက လူထုအခြေပြုဗဟိုဌာန (ပန်းတနော်) အဆောက်အအုံအတွင်းရှိ ပြတိုက်ငယ်နှင့် ခင်းကျင်းပြသ ထားရှိသည်များ၊ အသိပညာပေး နံရံကပ်စာစောင်များအား လိုက်လံကြည့်ရှုလေ့လာကြပြီး စာအုပ်စာစောင်များ ငှားရမ်းဖတ်ရှုကြကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# မင်္ဂလာတောင်ညွန့်မြို့နယ် အမကကျောင်းများ ငွေစုငွေချေး သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမကကျောင်းများ ငွေစုငွေချေးသမဝါယမအသင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်က အမက - ၃ မူလွန်ကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပပြီး အသင်းသား အသင်းသူ ၁၁၉ ဦးအား အစုပေါ်အမြတ် ငွေကျပ်၈၁၈၉၈၀၀၊ စုဆောင်းငွေပေါ် အတိုးငွေကျပ် ၅၉၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၄၁၃၉၈၀၀ အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



# စင်ကာပူနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေများအား လေ့လာခြင်း

**အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဝန်ကြီးများအဆင့်အစည်းအဝေး (AMRDPE)၊ အဆင့်မြင့်အရာရှိကြီးများအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစည်းအဝေး(SOMRDPE)နှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံနိုင်ငံများအလိုက် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ်မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပြီး (၁၃) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဝန်ကြီးများအဆင့်အစည်းအဝေး (13th AMRDPE)နှင့် အကြိမ် (၂၀) မြောက် အဆင့်မြင့်အရာရှိကြီးများအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစည်းအဝေး(20th SOMRDPE) ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှာ စင်ကာပူနိုင်ငံတွင် သုံးရက်ကြာ ကျင်းပသွားရန်ရှိပါတယ်။**

**ခန့်ဇော်(ကျေးလက်)**

စင်ကာပူနိုင်ငံဟာ ၁၉၅၉ ခုနှစ်မှာ ဗြိတိသျှအင်ပါယာအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် ဖြစ်လာခဲ့ပြီး ၁၉၆၅ ခုနှစ် ဩဂုတ် ၉ ရက်မှာ နိုင်ငံတစ်နိုင်ငံအဖြစ် တရားဝင်ရပ်တည်ခဲ့ပါတယ်။ လူမျိုးရေးပြဿနာတွေရဲ့ ခြိမ်းခြောက်မှုတွေကို ထိန်းချုပ်ခဲ့ပြီး ယောကျ်ားလေးတိုင်း စစ်မှုမထမ်းမနေရစနစ်နဲ့ လွတ်လပ်သော နိုင်ငံ၏ကာကွယ်ရေးစနစ်ကို တည်ဆောက်ခဲ့တာတွေ့ရပါတယ်။ ဝက်မင်စတာစနစ် (Westminster System) ကျင့်သုံးတဲ့ ပါလီမန်ဒီမိုကရေစီနိုင်ငံဖြစ်ပြီး ကမ္ဘာမှာ အကျင့်ပျက်ခြစားမှုအနည်းဆုံးသော နိုင်ငံတစ်နိုင်ငံအဖြစ် နယူးဇီလန်နဲ့ စကင်ဒီနေဗီးယားနိုင်ငံတို့နဲ့အတူ အမြဲတစေ ပါဝင်လေ့ရှိတာကို အားကျဖွယ်တွေ့ရပါတယ်။

ပင်လယ်ရေပတ်လည်ဝိုင်းရံလျက်ရှိတဲ့ ကျွန်းနိုင်ငံဖြစ်တဲ့ စင်ကာပူဟာ ၁၉၆၀ ပြည့်နှစ်တွေမှာ ဧရိယာ ၂၂၄ ဒသမ ၅ စတုရန်းမိုင်သာ ရှိခဲ့ပေမယ့် ပင်လယ်ပြင်အတွင်းမြေဖို့ပြီး မြေနေရာအသစ်တွေ ချဲ့ထွင်နိုင်ခဲ့တာကြောင့် အခုအခါ World data info အရ ၂၇၈ စတုရန်းမိုင်အထိ ရှိလာခဲ့ပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ နောက်ထပ် စတုရန်းမိုင် ၄၀ ထပ်မံတိုးချဲ့ဖို့ စီမံကိန်းချမှတ်လုပ်ဆောင်လျက်ရှိကြောင်းလည်း သိရပါတယ်။ သေးငယ်တဲ့ကျွန်းတွေကို မြေဖို့ပေါင်းစပ်ကာ ကျယ်ပြန့်ကြီးမားပြီး အလုပ်လုပ်ဖို့ အဆင်ပြေတဲ့ကျွန်းတွေအဖြစ် တည်ဆောက်မယ့် စီမံကိန်းဖြစ်ပါတယ်။ နိုင်ငံကုန်းမြေရဲ့ ၁၀ ရာခိုင်နှုန်းခန့်ကို ပန်းခြံတွေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာနေရာတွေအဖြစ် ချန်ထားတာတွေ့ရပြီး Yale Center for Environmental Law & Policy ရဲ့ ဖော်ပြချက်အရ ၂၀၂၂ ခုနှစ်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စွမ်းဆောင်မှုညွှန်းကိန်းမှာ အဆင့်(၄) ရရှိခဲ့တယ်လို့ ဆိုပါတယ်။

> ✤ **စင်ကာပူနိုင်ငံရဲ့စီးပွားရေးအောင်မြင်မှုဟာ ရေရှည်ရင်းနှီးမြှုပ်နှံမှုကို အထောက်အပံ့ပြုတဲ့ ဝန်းကျင်ကောင်းကို ထိန်းသိမ်းထားနိုင်ဖို့ ရည်ရွယ်ပြီး ခိုင်မာအားကောင်းတဲ့ မက်ခရိုစီးပွားရေးမူဝါဒတွေအပေါ် အခြေခံထားတာ တွေ့ရပါတယ်။**
>
> ✤ **၁၉၆၅ ခုနှစ် လွတ်လပ်ရေးရပြီးချိန်ကစပြီး စင်ကာပူနိုင်ငံရဲ့ စီးပွားရေးဟာ လျင်လျင်မြန်မြန်တိုးတက်လာခဲ့တာ ဖြစ်ပါတယ်။ အဓိကကတော့ ပွင့်လင်းမြင်သာပြီး** Outward - Oriented Development Strategy **လို့ခေါ်တဲ့ ပြည်ပပို့ကုန်အသားပေး ဖွံ့ဖြိုးရေးမဟာဗျူဟာကို ကျင့်သုံးခဲ့ခြင်းပါပဲ။ ပြည်ပပို့ကုန်တွေကို ထုတ်လုပ်ရာမှာလည်း လုပ်သားအင်အားသုံးထုတ်ကုန်များမှသည် လျှပ်စစ်ပစ္စည်း၊ ဓာတုပစ္စည်းနဲ့ ဇီဝဓာတုပစ္စည်းတွေလို တန်ဖိုးမြှင့်ထုတ်ကုန်တွေအထိ ပြောင်းလဲထုတ်လုပ်လာနိုင်ခဲ့တာတွေ့ရ**

**နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံ၏စီးပွားရေး**

အာဆီယံအဖွဲ့ စတင်ဖွဲ့စည်းတဲ့ စဦး ငါးနိုင်ငံမှာပါဝင်တဲ့ စင်ကာပူနိုင်ငံဟာ အာဆီယံဒေသတွင်းရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးခိုင်မာအားကောင်းစေရေးအတွက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသနဲ့ အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသ (ASEAN Free Trade Area and the ASEAN Investment Area)တို့ ဖြစ်ပေါ်လာစေဖို့ အခိုင်အမာအားပေးသူဖြစ်ပါတယ်။ ယခင်ဝန်ကြီးချုပ် ဂိုချောက်တောင်က အာဆီယံစီးပွားရေးအသိုက်အဝန်းဖြစ်ပေါ်စေရန် အဆိုပြုခဲ့ပြီး ဘုံဈေးကွက်တစ်ခုဖြစ်စေဖို့အထိ ရည်ရွယ်ခဲ့တယ်လို့ ဆိုပါတယ်။

စင်ကာပူနိုင်ငံဟာ အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ်ရုံး ရုံးစိုက်ရာဖြစ်သလို အခြားသောဒေသဆိုင်ရာအဖွဲ့အစည်းတွေဖြစ်တဲ့ အာရှ-ဥရောပအစည်းအဝေးအဖွဲ့၊ အရှေ့အာရှနှင့် လက်တင်အမေရိကပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ အာရှကွန်ရက်နှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးအဖွဲ့တို့မှာလည်း ပါဝင်ပါတယ်။ ထို့ပြင်ဘက်မလိုက်လှုပ်ရှားမှုရဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သလို ဓနသဟာယအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့အကြား နီးကပ်တဲ့ဆက်ဆံရေးရှိပြီး လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်လည်း ရရှိထားတာ တွေ့ရပါတယ်။

စင်ကာပူနိုင်ငံဟာ စီးပွားရေးစနစ်အားဖြင့် အလွတ်လပ်ဆုံး၊ တီထွင်ကြံဆမှုအကောင်းဆုံး၊ ပြိုင်ဆိုင်မှုအများဆုံးနဲ့ စီးပွားရေးလုပ်ဖို့အကောင်းဆုံးနိုင်ငံတစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ် စီးပွားရေးလွတ်လပ်မှုညွှန်းကိန်းအရ ကမ္ဘာပေါ်မှာ စီးပွားရေးအရ ဒုတိယမြောက်လွတ်လပ်မှုအရှိဆုံးနိုင်ငံလို့ဆိုပါတယ်။ စီမံခန့်ခွဲမှုဖွံ့ဖြိုးရေးနိုင်ငံတကာအဖွဲ့ (International Institute for Management Development)ရဲ့ နိုင်ငံပေါင်း ၆၄ နိုင်ငံ ကမ္ဘာ့ယှဉ်ပြိုင်မှုအဆင့် (World's Competitive Ranking) သတ်မှတ်ချက်အရ ၂၀၂၃ ခုနှစ်မှာ စီးပွားရေးအရ ယှဉ်ပြိုင်မှုအားအကောင်းဆုံး ကမ္ဘာ့အဆင့် (၄)နေရာမှာ ရပ်တည်လျက်ရှိတာကိုတွေ့ရပြီး တစ်ဦးချင်း GDP တတိယအမြင့်ဆုံးဖြစ်တာ တွေ့ရှိရပါတယ်။

ဟောင်ကောင်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်တို့နဲ့အတူ အာရှကျားလေးကောင်မှာပါဝင်ခဲ့ပြီး အခုအခါ လူတစ်ဦးချင်းအလိုက် GDP အရ အခြားကျားသုံးကောင်ကို ကျော်တက်သွားခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံရဲ့ နိုင်ငံခြားကုန်သွယ်မှုနဲ့ ငွေကြေးစီးဆင်းမှုဟာ GDP ရဲ့ ၄၀ ဒသမ ၇၉ ရာခိုင်နှုန်းခန့်ရှိပြီး ကမ္ဘာတစ်ဝန်း ကုန်တင်ပို့မှုအများဆုံးအဆင့်မှာ အဆင့် ၁၄၊ ကုန်တင်သွင်းမှုမှာ အဆင့် ၁၅ ဖြစ်တာ တွေ့ရပါတယ်။ ထိပ်တန်းပြည်ပပို့ကုန်တွေကတော့ သန့်စင်ပြီးရေနံ၊ အိုင်စီ၊ ဆားကစ်နဲ့ ကွန်ပျူတာတို့ဖြစ်ကြပြီး ကမ္ဘာပေါ်ရှိ ထိပ်တန်းရေနံချက်လုပ်ရာနေရာသုံးခုမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ရေနံတူးစင်အများဆုံးထုတ်လုပ်ရာနဲ့ သင်္ဘောများပြင်ဆင်ရာ အဓိကနေရာတစ်ခုဖြစ်ပြီး ကမ္ဘာ့အချက်အချာ သင်္ဘောဆိပ်ကမ်းမြို့တော်လည်း ဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတကာငွေကြေးဆိုင်ရာဗဟိုရဲ့ စစ်တမ်းအရ ၂၀၂၃ ခုနှစ်မှာ ကမ္ဘာ့တတိယမြောက် နိုင်ငံခြားငွေလဲလှယ်မှုဗဟိုနဲ့ ငွေကြေးဆိုင်ရာဗဟိုဖြစ်တယ်လို့ သိရပါတယ်။ တစ်ဖက်မှာလည်း ဒုတိယမြောက်အကြီးဆုံး ကာဆီနိုလောင်းကစားပြုရာနေရာ ဖြစ်ပြန်ပါတယ်။

၂၀၀၄ ခုနှစ်မှာ လီကွမ်ယုရဲ့သားအကြီးဆုံးဖြစ်သူ လီရှန်လုံးဟာ စင်ကာပူနိုင်ငံရဲ့ တတိယမြောက်ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး သူ့ရဲ့ အများနဲ့မတူ တစ်မူကွဲပြားတဲ့ စီမံဆောင်ရွက်မှုတစ်ခုကတော့ ကမ္ဘာလှည့်ခရီးသွားတွေကို ဆွဲဆောင်နိုင်ဖို့ ကာစီနိုလောင်းကစားရုံတွေ ဖွင့်လှစ်ဖို့ စီစဉ်ခဲ့ခြင်းဖြစ်ပါတယ်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဟာ နိုင်ငံ့စီးပွားရေးရဲ့ ကြီးမားတဲ့အစိတ်အပိုင်းတစ်ခုဖြစ်တာကြောင့် ခရီးသွားတွေကိုဆွဲဆောင်နိုင်ဖို့ ကာစီနိုတွေဖွင့်ခဲ့တာဟာ မှန်ကန်ခဲ့တယ်လို့ ဆိုရမှာပါ။ ခုတော့ စင်ကာပူမှာ ကာစီနိုဟာ ဖျော်ဖြေရေးသက်သက်လောင်းကစားလုပ်ငန်းတစ်ခုမျှသာမကဘဲ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုမှာပါ တစ်စိတ်တစ်ပိုင်းပါဝင်နေတာ တွေ့မြင်ရပါတယ်။ ၂၀၂၂ ခုနှစ်အတွင်းက SM News Channel ရဲ့ ဖော်ပြချက်အရ ကာစီနိုလောင်းကစားရုံတွေဟာ စင်ကာပူနိုင်ငံရဲ့စီးပွားရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းကို များစွာအထောက်အကူပြုနိုင်လျက်ရှိတာတွေ့ရပြီး နိုင်ငံ့စီးပွားရေးကို စင်ကာပူဒေါ်လာ ၃ ဒသမ ၅ ဘီလီယံကျော်အထိ ပံ့ပိုးပေးနိုင်ခဲ့တဲ့အပြင် အလုပ်အကိုင်ပေါင်း ၃၃၀၀၀ ခန့် ဖန်တီးပေးနိုင်ခဲ့တာ တွေ့ရပါတယ်။

ဒ့ါအပြင် ကျန်းမာရေးခရီးသွားလုပ်ငန်းအနေနဲ့လည်း အာရှမှာ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အကောင်းဆုံးဖြစ်ပြီး ၂၀၂၂ ခုနှစ်မှာ ကမ္ဘာ့အဆင့် (၁၀) ဖြစ်ခဲ့ရာမှ အခု ၂၀၂၃ ခုနှစ်မှာ ကမ္ဘာ့အဆင့် (၁) ဖြစ်လာခဲ့ပါတယ်။ နိုင်ငံခြားသားပေါင်း နှစ်သိန်းကျော် နှစ်စဉ်လာရောက်ဆေးကုသမှုခံယူကြတယ်လို့ သိရပါတယ်။ စင်ကာပူနိုင်ငံဟာ ကမ္ဘာ့အကောင်းမွန်ဆုံးပညာရေးစနစ်ရှိတဲ့ ၁၀ နိုင်ငံစာရင်းမှာ ပါဝင်ပြီး နှစ်စဉ်ကမ္ဘာတစ်ဝန်းက နိုင်ငံတကာကျောင်းသားပေါင်း ၅၅၀၀၀ ကျော် လာရောက်ပညာသင်ကြားလေ့ရှိတာ တွေ့ရပါတယ်။ ကမ္ဘာလုံးဆိုင်ရာ တက္ကသိုလ်များအဆင့်သတ်မှတ်မှုအနေနဲ့လည်း အဆင့် (၈) မှာရှိပြီး အာရှအဆင့်သတ်မှတ်မှုမှာ အဆင့် (၁) ဖြစ်ပါတယ်။

**၂၀၂၂ ခုနှစ် စင်ကာပူနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု**

စင်ကာပူနိုင်ငံရဲ့စီးပွားရေးဟာ ၂၀၂၁ ခုနှစ်မှာ ၈ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ရာက ၂၀၂၂ ခုနှစ်မှာတော့ တစ်နှစ်လုံးအတွက် ၃ ဒသမ ၆ ရာခိုင်နှုန်းသာ တိုးတက်မှုရှိခဲ့တာ တွေ့ရပါတယ်။ ကုန်ထုတ်လုပ်မှုကဏ္ဍအနေနဲ့ ၂၀၂၁ ခုနှစ်မှာ ၁၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်မှာတော့ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ တိုးတက်ခဲ့တာဖြစ်ပေမယ့် ဓာတုပစ္စည်းတွေနဲ့ ဇီဝဆေးပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတွေမှအပ အခြားကဏ္ဍအားလုံး တိုးချဲ့ဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ ဆောက်လုပ်ရေးကဏ္ဍမှာ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍဆောက်လုပ်ရေးလုပ်ငန်း နှစ်ခုလုံးအနေနဲ့ ၂၀၂၁ ခုနှစ်မှာ ၂၀ ဒသမ ၅ ရာခိုင်နှုန်း တိုးချဲ့ဆောင်ရွက်နိုင်သော်လည်း ၆ ဒသမ ၇ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပါတယ်။ စက်မှုထုတ်လုပ်ရေးဝန်ဆောင်မှုလုပ်ငန်းတွေအနေနဲ့လည်း ၂၀၂၁ ခုနှစ်က ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးချဲ့ဆောင်ရွက်ခဲ့ရာမှာ ၂၀၂၂ ခုနှစ်မှာ ၄ ဒသမ ၈ ရာခိုင်နှုန်းသာ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့တာတွေ့ရပါတယ်။ လက်ကားကုန်သွယ်မှု၊ အခြားဝန်ဆောင်မှုတွေနဲ့ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးကဏ္ဍတွေရဲ့ ထောက်ကန်ပံ့ပိုးမှုက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ အဓိကမောင်းနှင်အားလို့ ဆိုရမှာဖြစ်ပါတယ်။

**၂၀၂၃ ခုနှစ်အတွက် စီးပွားရေးအလားအလာ**

စင်ကာပူနိုင်ငံရဲ့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ စီးပွားရေးစစ်တမ်းအရ စင်ကာပူနိုင်ငံရဲ့ ပြင်ပဝယ်လိုအားအလားအလာဟာ အနည်းငယ်တိုးလာခဲ့တယ်လို့ ဆိုပါတယ်။ ကမ္ဘာလုံးဆိုင်ရာနဲ့ ပြည်တွင်းစီးပွားရေးအခြေအနေကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် ၂၀၂၃ ခုနှစ်မှာ GDP တိုးတက်မှုနှုန်းကို သုည ဒသမ ၅ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်း အကြား ထိန်းထားနိုင်ဖို့ မျှော်မှန်းဆောင်ရွက်နေတာ တွေ့ရပါတယ်။ ပထမသုံးလပတ်အတွင်း ကမ္ဘာလုံးဆိုင်ရာစောင့်ကြည့်မှု စစ်တမ်းတွေအရ ၂၀၂၃ ခုနှစ်မှာ ငွေကြေးကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာပါ စင်ကာပူဟာ ထိပ်ဆုံးမှာရပ်တည်လာနိုင်တာကို အားကျဖွယ်တွေ့မြင်ရပါတယ်။

**စင်ကာပူနိုင်ငံရဲ့ စီးပွားရေးမူဝါဒ**

စင်ကာပူနိုင်ငံရဲ့စီးပွားရေးအောင်မြင်မှုဟာ ရေရှည်ရင်းနှီးမြှုပ်နှံမှုကို အထောက်အပံ့ပြုတဲ့ ဝန်းကျင်ကောင်းကို ထိန်းသိမ်းထားနိုင်ဖို့ ရည်ရွယ်ပြီး ခိုင်မာအားကောင်းတဲ့ မက်ခရိုစီးပွားရေးမူဝါဒတွေအပေါ် အခြေခံထားတာ တွေ့ရပါတယ်။ စီးပွားရေးပညာရှင်တွေရဲ့အဆိုအရ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ မက်ခရိုစီးပွားရေးအပေါ် များစွာမှီတည်မှုရှိပြီး မက်ခရိုစီးပွားရေးကို သိရှိနားလည်ခြင်းက မှန်ကန်တဲ့ စီးပွားရေးမူဝါဒတွေရေးဆွဲဖို့၊ နိုင်ငံတကာစီးပွားရေးမူဝါဒတွေနဲ့ ဟန်ချက်ညီစွာဆောင်ရွက်နိုင်ဖို့အတွက် များစွာအထောက်အကူပြုနိုင်တယ်လို့ မှတ်သားခဲ့ရဖူးပါတယ်။ ဒ့ါအပြင် မက်ခရိုစီးပွားရေးပညာဟာ ဆင်းရဲမွဲတေမှု၊ အလုပ်လက်မဲ့ပေါ်များမှု၊ ငွေကြေးဖောင်းပွမှုနဲ့ ကုန်ဈေးနှုန်းမတည်ငြိမ်မှု အစရှိတဲ့ စီးပွားရေးပြဿနာအရပ်ရပ်ကို ဖြေရှင်းရာမှာလည်း များစွာအထောက်အကူပြုတယ်လို့ ဆိုပါတယ်။

၁၉၆၅ ခုနှစ် လွတ်လပ်ရေးရပြီးချိန်ကစပြီး စင်ကာပူနိုင်ငံရဲ့ စီးပွားရေးဟာ လျင်လျင်မြန်မြန်တိုးတက်လာခဲ့တာ ဖြစ်ပါတယ်။ အဓိကကတော့ ပွင့်လင်းမြင်သာပြီး Outward–Oriented Development Strategy လို့ခေါ်တဲ့ ပြည်ပပို့ကုန်အသားပေး ဖွံ့ဖြိုးရေးမဟာဗျူဟာကို ကျင့်သုံးခဲ့ခြင်းပါပဲ။ ပြည်ပပို့ကုန်တွေကို ထုတ်လုပ်ရာမှာလည်း လုပ်သားအင်အားသုံး ထုတ်ကုန်များမှသည် လျှပ်စစ်ပစ္စည်း၊ ဓာတုပစ္စည်းနဲ့ ဇီဝဓာတုပစ္စည်းတွေလို တန်ဖိုးမြှင့်ထုတ်ကုန်တွေအထိ ပြောင်းလဲထုတ်လုပ်လာနိုင်ခဲ့တာ တွေ့ရပါတယ်။

စာမျက်နှာ ၁၁ သို့ ✧

✧ စာမျက်နှာ ၁၀ မှ

ငွေကြေးဆိုင်ရာနဲ့ စီးပွားရေးဝန်ဆောင်မှုကဏ္ဍတွေရဲ့ ဈေးကွက်ဝေစု တိုးတက်လာတာနဲ့အမျှ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍဟာလည်း စီးပွားရေးဖွံ့ဖြိုးမှုမှာ များစွာအရေးပါလာခဲ့ပါတယ်။

**စင်ကာပူနိုင်ငံရဲ့ GDP**

GDP ရှုထောင့်ကကြည့်ရင် အာဆီယံအတွင်း ကွာဟချက်ဟာ ကြီးမားနေဆဲဖြစ်ပါတယ်။ International Monetary Fund (IMF) report အရ ၂၀၂၂ ခုနှစ်က စင်ကာပူနိုင်ငံရဲ့တစ်ဦးချင်း GDP ဟာ ၈၂၈၀၇ အမေရိကန်ဒေါ်လာဖြစ်ပြီး အာဆီယံရှိ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနိုင်ငံတို့မှာ ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ ၅၄၃၉ ဖြစ်ပါတယ်။ ဘရူနိုင်းမှာ တစ်ဦးချင်း GDP အမေရိကန်ဒေါ်လာ ၃၇၆၆၇ ရှိပြီး ကမ္ဘောဒီးယားနိုင်ငံနဲ့ လာအိုနိုင်ငံတို့ရဲ့ တစ်ဦးချင်း GDP ဟာ အမေရိကန်ဒေါ်လာ ၁၉၀၀ ခန့်သာ ရှိတဲ့အတွက် အာဆီယံဒေသတွင်းမှာ စင်ကာပူဟာ တစ်ဦးချင်း GDP အမြင့်ဆုံးဖြစ်ပါတယ်။

**၁၉၆၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း စင်ကာပူနိုင်ငံ၏ စီးပွားရေးရာ စာရင်းဇယားများကို နှိုင်းယှဉ်လေ့လာခြင်း**

| ခုနှစ် | GDP (USD ဘီလီယံ) | GDP per Capita (USD) | GNI (USD ဘီလီယံ) | GNI per Capita (USD) | ပျမ်းမျှ ငွေလဲနှုန်း (US$- S$) |
|---|---|---|---|---|---|
| 1964 | 0.89 | 485.54 | 0.93 | 510 | 3.0612 |
| 1970 | 1.92 | 925.80 | 2.00 | 970 | 3.0612 |
| 1980 | 11.89 | 4,928.14 | 11.41 | 4,730 | 2.1412 |
| 1990 | 36.14 | 11,861.76 | 34.88 | 11,450 | 1.8125 |
| 2000 | 96.07 | 23,852.33 | 95.38 | 23,680 | 1.7240 |
| 2011 | 279.35 | 53,890.43 | 250.10 | 48,250 | 1.2578 |
| 2021 | 396.99 | 72,794.00 | 349.10 | 64,010 | 1.3435 |
| 2022 | 466.79 | 82807.00 | 540.00 | 107,030 | 1.3787 |

**နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)၏ ချိတ်ဆက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း**

Jaliliani Hossein နှင့် John Weiss တို့ရဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)နှင့် အာဆီယံဒေသတွင်း ဆင်းရဲနွမ်းပါးမှုစာတမ်းအရ ဒေသတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းမှာ FDI ဟာ အဓိကအခန်းကဏ္ဍက ပါဝင်တာကို တွေ့ရပါတယ်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံ မှု တိုးမြင့်ခြင်းဟာ နိုင်ငံ့စီးပွားမြင့်မားရေးကို များစွာအထောက်အကူပြုတဲ့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ဆင်းရဲနွမ်းပါးမှုနှုန်းကို လျှော့ချပေးနိုင်တာ အမှန်ပဲဖြစ်ပါတယ်။

စင်ကာပူအစိုးရရဲ့စာရင်းအချက်အလက်တွေအရ ၁၉၉၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ စင်ကာပူနိုင်ငံဟာ လာအိုနဲ့ ကမ္ဘောဒီးယားတို့ထက် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ ဘရူနိုင်းတို့မှာ ပိုပြီးရင်းနှီးမြှုပ်နှံထားတာ တွေ့ရတဲ့အပြင် ရင်းနှီးမြှုပ်နှံမှုပမာဏအနေနဲ့လည်း တိုးမြင့်တဲ့ဘက်ကိုသာ သွားတာတွေ့ရပါတယ်။ ဘရူနိုင်းဒါရူဆလမ်နိုင်ငံမှာ ၁၉၉၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၂၈ ဒသမ ၅ သန်းရှိခဲ့ရာမှ ၂၀၀၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၉၄ ဒသမ ၉ သန်းအထိရှိခဲ့ပြီး ၅၁ ဒသမ ၆ ရာခိုင်နှုန်းတိုးလာခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂၆၈ ဒသမ ၂ သန်းအထိ ရောက်ရှိခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာလည်း ၁၉၉၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၂၃၅၉ ဒသမ ၉ သန်းသာရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၆၅၂၃၃ ဒသမ ၆ သန်းအထိရောက်ရှိခဲ့ကာ ၂၇ ဒသမ ၆ ဆအထိ တိုးလာခဲ့ပါတယ်။ မလေးရှားနိုင်ငံမှာ ၁၉၉၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၈၁၈၂ ဒသမ ၃ သန်း ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၅၄၂၉၃ ဒသမ ၆ သန်းအထိ ရောက်ရှိကာ ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးလာခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၉၈ ခုနှစ်က အမေရိကန်ဒေါ်လာ ၂၂၉ ဒသမ ၉ သန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၈၇၃၂ ဒသမ ၂ သန်းအထိ ရောက်ရှိကာ ၃၇ ဒသမ ၉ ဆ တိုးလာခဲ့ပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ ၁၉၉၄ ခုနှစ်က ၄၄၅ ဒသမ ၂ သန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ ၈၈၄၈ ဒသမ ၉ သန်းအထိ တိုးတက်လာခဲ့ပြီး ၁၉ ဒသမ ၈ ဆတိုးလာခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာ ၁၉၉၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၀၇၃ ဒသမ ၆ သန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ အမေရိကန် ဒေါ်လာ ၃၁၁၃၅ ဒသမ ၄ သန်းအထိ ရောက်ရှိကာ ၂၉ ဆတိုးလာခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံမှာ ၁၉၉၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၇၂ သန်း ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၂၁၉၉ ဒသမ ၈ သန်းအထိ ရောက်ရှိကာ အဆ ၇၀ တိုးလာခဲ့ပါတယ်။

အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှာ ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ပြီး ၁၉၉၄ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၃၅၉ ဒသမ ၉ သန်းရှိခဲ့ရာ အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ ၁၈ ဒသမ ၉ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီး ဒုတိယနေရာမှာ ရပ်တည်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံမှာ အမေရိကန်ဒေါ်လာ ၆၅၂၃၃ ဒသမ ၆ သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး ဒီပမာဏဟာ အာဆီယံနိုင်ငံတွေရဲ့ ၃၅ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိလို့ အာဆီယံဒေသတွင်း ထိပ်တန်းရင်းနှီးမြှုပ်နှံသူ ဖြစ်လာခဲ့ပါတယ်။

မလေးရှားနိုင်ငံမှာ ၁၉၉၄ ခုနှစ်က စင်ကာပူနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၈၁၈၂ ဒသမ ၃ သန်းရှိခဲ့ပြီး အရှေ့တောင်အာရှတစ်ခုလုံးရဲ့ ၆၅ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ပထမနေရာမှာ ရပ်တည်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၄၂၉၃ ဒသမ ၆ သန်းရှိခဲ့ပြီး အရှေ့တောင်အာရှရဲ့ ၂၉ ဒသမ၄ ရာခိုင်နှုန်းရှိခဲ့လို့ စင်ကာပူနိုင်ငံရဲ့ ဒုတိယအကြီးဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်စေခဲ့ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် စင်ကာပူနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုအနည်းဆုံးနိုင်ငံတွေကတော့ မြန်မာ၊ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်နိုင်ငံတို့ ဖြစ်ပါတယ်။

အထက်မှာဆိုခဲ့သလိုပဲ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ဟာ ဆင်းရဲမှုလျှော့ချရေးနဲ့ နိုင်ငံ့စီးပွားမြင့်မားရေးမှာ အဓိကကျတဲ့အတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာစေမယ့် ဝန်းကျင်ကောင်းမျိုး ဖန်တီးပေးနိုင်ဖို့လိုပါတယ်။ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုအဆင်ပြေတိုးတက်ရင် ဝင်ငွေတိုးပြီး စီးပွားရေးကောင်းမယ်။ စီးပွားရေးကောင်းပြီး ဝင်ငွေတိုးမှသာ အခြေခံအဆောက်အအုံဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို ပိုမိုကြည့်ရှုလုပ်ဆောင်လာနိုင်မှာဖြစ်ပါတယ်။ လူမှုကာကွယ်စောင့်ရှောက်ရေးတွေ ပိုမိုဆောင်ရွက်လာနိုင်မှ လူမှုဘဝလုံခြုံမှုတိုးမြင့်လာမှာဖြစ်သလို တစ်ဖက်မှာလည်း ဝင်ငွေတိုးပွားမှုကြောင့် ဆင်းရဲမှုမှ လွတ်ကင်းနိုင်မှာ ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံမှာတော့ လူမှုကာကွယ်စောင့်ရှောက်ရေး (Social Safety)အနေနဲ့ အိမ်ရာပိုင်ဆိုင်မှု၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ ပညာရေးနဲ့ အငြိမ်းစားယူချိန်လိုအပ်ချက်တွေ စတဲ့ကဏ္ဍငါးရပ်ကို အဓိကထားပြီး ComCare Services ကို အစိုးရက ဆောင်ရွက်ပေးလျက်ရှိတာ တွေ့ရပါတယ်။ ဒီ ComCare Services မှာ ကာလတို၊ ကာလလတ်၊ ကာလရှည် ထောက်ပံ့ကူညီမှုအစီအမံတွေ ပါဝင်သလို ကြားကာလ အကူအညီပေးရေးအစီအမံတွေ၊ ကလေးတွေအတွက် အကူအညီပေးရေးအစီအမံတွေပါဝင်တာ သဘောကျဖွယ် တွေ့မြင်ရပါတယ်။

**လေ့လာသုံးသပ်ချက်**

စင်ကာပူနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွေကို လေ့လာကြည့်ရာမှာ စင်ကာပူဟာ ၎င်းတို့ရဲ့ ရေရှည်စီးပွားရေးမဟာဗျူဟာတွေ၊ မူဝါဒတွေကို စဉ်ဆက်မပြတ် အကဲဖြတ်စစ်ဆေးပြီး ပြောင်းလဲနေတဲ့စိန်ခေါ်မှုတွေနဲ့ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်တာကို တွေ့ရပါတယ်။ နိုင်ငံရေးတည်ငြိမ်မှုရှိခြင်းဟာလည်း ဈေးကွက်စီးပွားရေးတည်ငြိမ်မှုရှိရခြင်းရဲ့အကြောင်းတရားတစ်ခု ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ဆက်သွယ်ရေးစနစ်ရှိပြီး အခြေခံအဆောက်အအုံတွေပြည့်စုံခြင်း၊ လူသားအရင်းအမြစ် ပညာတတ်များ၊ ကျွမ်းကျင်ပညာတတ်လုပ်သားများရှိခြင်း၊ ၂၀၂၃ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပညာရေးအညွှန်းကိန်းမှာ စင်ကာပူဟာ အဆင့် ၁၀ မှာရှိတာကြောင့် ပညာရေးစနစ်ကောင်းမွန်ပြီး လုပ်ငန်းနယ်ပယ်အလိုက် လိုအပ်တဲ့ပညာတတ်တွေ၊ ကျွမ်းကျင်ပညာရှင်တွေ မွေးထုတ်ပေးနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(FDI)အနေနဲ့လည်း အာရှဈေးကွက်အပါအဝင် နိုင်ငံအများစုမှာ ရင်းနှီးမြှုပ်နှံနေသလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ကောင်းမွန်စွာ ဆွဲဆောင်နိုင်မှုရှိခြင်း၊ ငွေကြေးဖောင်းပွမှုမရှိဘဲ တည်ငြိမ်မှုရှိခြင်း၊ အခွန်ဆိုင်ရာမူဝါဒတွေဟာ စီးပွားရေးကို ပိုချိုယှဉ်ပြိုင်နိုင်စွမ်းရှိစေဖို့နဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်ခြင်း၊ နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရစနစ်ရှိခြင်း၊ သဘာဝပတ်ဝန်းကျင် သန့်ရှင်းမှုရှိခြင်း၊ နိုင်ငံတွင်း ဘက်လိုက်ခြစားမှုကင်းစင်ခြင်း၊ စီးပွားရေးလုပ်ဖို့ လွယ်ကူအဆင်ပြေတဲ့နိုင်ငံတွေစာရင်းမှာလည်း နှစ်စဉ် အကောင်းဆုံး အဆင့် (၁ မှ ၁၀) နိုင်ငံအတွင်း ပါဝင်မှုရှိခြင်း စတဲ့အားသာချက်တွေကို တွေ့ရှိရပါတယ်။

အားကျအတုယူဖွယ်ရာတွေကို အတုယူပြီး ကိုယ့်နိုင်ငံအခြေအနေပေါ်မူတည်ကာ ဆောင်ရွက်ကြဖို့လိုအပ်သလို အချို့ကိစ္စတွေမှာ နိုင်ငံတိုင်းရဲ့ အကျိုးစီးပွားဆက်စပ်မှု၊ နိုင်ငံရေးဆက်စပ်မှုတွေကြောင့် အချို့ဆောင်ရွက်ချက်တွေအပေါ်မှာ မကျေနပ်စရာတွေလည်း ရှိပါတယ်။ ဥပမာ မကြာသေးခင်ရက်က“UOB”ဘဏ်က “MAI” ဘဏ်အကောင့်တွေကို ပိတ်တာကြားလိုက်ပါတယ်။ အင်အားကြီးနေချိန်၊ စီးပွားရေးကောင်းမွန်နေချိန်ဖြစ်လို့၊ အဘက်ဘက်ကပြည့်စုံနေလို့ လုပ်လို့ရလို့ လုပ်တာပါပဲ။ ကျွန်တော်တို့ နိုင်ငံသားတွေအနေနဲ့ ဒါကို မြင်တတ်ဖို့လိုပါတယ်။ ပြည်တွင်းစည်းလုံးရင်၊ အင်အားတောင့်တင်းရင် နိုင်ငံတည်ငြိမ်အောင်၊ ငြိမ်းချမ်းအောင်၊ နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာအောင် လုပ်ဆောင်လာနိုင်မယ်။ လုပ်လည်း လုပ်ကြရမယ်။ အခြားနိုင်ငံတွေကို ယှဉ်ပြိုင်နိုင်ဖို့ ကြိုးစားကြရမယ်။ အခြားနိုင်ငံက မထီမဲ့မြင်လုပ်တာ မခံရစေဖို့ အင်အားတောင့်တင်းအောင်လုပ်ကြရမယ်။ အမုန်းတရားတွေမရှိအောင် အာဃာတတရားတွေ ဖြေဖျောက်ကြရမယ်။ နိုင်ငံနဲ့နိုင်ငံသားတွေအတွက်၊ အနာဂတ်မြန်မာနိုင်ငံအတွက် အစစအရာရာ စဉ်းစားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် စာရေးသူတို့နိုင်ငံအနေနဲ့လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက် ရေရှည်ရင်းနှီးမြှုပ်နှံမှုကို အထောက်အပံ့ပြုတဲ့ ဝန်းကျင်ကောင်းမျိုး ဖန်တီးပေးနိုင်ဖို့လိုအပ်သလို စင်ကာပူအပါအဝင် ပြည်ပပို့ကုန်အသားပေး ဖွံ့ဖြိုးရေးမဟာဗျူဟာနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေအဖြစ် ရောက်ရှိသွားကြတဲ့ နိုင်ငံတွေကို စံနမူနာပြုပြီး ပို့ကုန်အရည်အသွေးရှိ တန်ဖိုးမြင့်ထုတ်ကုန်တွေ ပိုမိုထုတ်လုပ်လာနိုင်ရေးကို ဦးတည်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အထက်မှာဖော်ပြခဲ့သလို နိုင်ငံရေးတည်ငြိမ်မှုရှိခြင်းဟာ ဈေးကွက်စီးပွားရေး တည်ငြိမ်မှုရှိရခြင်းရဲ့ အကြောင်းတရားတစ်ခုဖြစ်တဲ့အတွက် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိဖို့ဟာလည်း အင်မတန်အရေးကြီးပါတယ်။ စာရေးသူ စာရေးဖြစ်တိုင်း ပြောခဲ့သလိုပါပဲ။ တည်ငြိမ်အေးချမ်းမှုရှိမှသာ ကဏ္ဍစုံဖွံ့ဖြိုးရေးဆီ တက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ဒီအတွက် အားလုံးမှာ တာဝန်ရှိပါတယ်။

“တစ်ယောက်အားနဲ့ ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏” ဆိုသလိုပဲ။ ကောင်းမွန်တဲ့အရွေ့တစ်ခု ဖန်တီးနိုင်အောင်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုတဲ့ဝန်းကျင်ကောင်းမျိုး ပိုင်ဆိုင်တဲ့ နိုင်ငံတစ်ခုဖြစ်အောင် တက်ညီလက်ညီ ကြိုးစားသွားကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။ ။

**ရည်ညွှန်းကိုးကားချက်**

- https://www.worlddata.info/asia/singapore/index.php
- https://epi.yale.edu/about-epi
- https://www.statista.com/statistics/1376359/health-and-health-system-ranking-of-countries-worldwide/
- https://wisevoter.com/country-rankings/education-rankings-by-country/
- https://www.trade.gov/country-commercial-guides/singapore-education-and-training-services-industry-snapshot
- https://www.mti.gov.sg/Newsroom/Press-Releases/2023/05/MTI-Maintains-2023-GDP-Growth-Forecast-at-0_5-to-2_5-Per-Cent
- https://news-eleven.com/editorials/75408 (မက်ခရိုစီးပွားရေးပညာ)
- https://www.macrotrends.net/countries/SGP/singapore/gni-per-capita
- University of British Columbia, USDpages (Foreign Currency Units per 1 U.S. Dollar, 1950-2022), https://fx.sauder.ubc.ca

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မအူပင်ခရိုင်နှင့် ကျုံပျော်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပုသိမ် ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မအူပင်ခရိုင်နှင့် ကျုံပျော်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မအူပင်ခရိုင် ညောင်တုန်းမြို့နယ် အရွဲကျေးရွာ ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ တောင်သူ ဦးခင်မြင့်၏ လယ်မြေ ၁၂ ဧကတွင် မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း (Myanmar Paddy Producers Association) စပါးမျိုးသန့်စိုက်ခင်းတွင် ဆင်းသုခ (RS) မျိုးစပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး အထွက်တိုးမျိုးကောင်းမျိုးသန့်မျိုးစပါးများ ရာနှုန်းပြည့်လွှမ်းခြုံနိုင်ရေး ပိုမိုတိုးချဲ့စိုက်ပျိုးရန်၊ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာအချိုးကျသုံးစွဲရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ကံကလေးကျေးရွာ တောင်သူ ဦးကျော်ဝင်း၏ လယ်မြေ ၁၀ ဧကတွင် ပြုလုပ်သည့် ၂၀၂၃-၂၀၂၄ မိုးစပါး ရေတော်မိုးတော်မြို့နယ်ထွန်းတုံးပိတ်ပွဲသို့ တက်ရောက်ခဲ့ပြီး ချမ်းမြေ့မေ မျိုးစပါး စနစ်တကျစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တောင်သူများနှင့်တွေ့ဆုံ၍ အထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲခြင်း၊ ခေတ်မီစိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲခြင်း၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းတိုးတက်ထွက်ရှိစေရေး မှာကြားခဲ့ပြီး ဖျော်ဖြေရေးအဖွဲ့များအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ကျုံပျော်ခရိုင်အနေဖြင့် ၂၀၂၃-၂၀၂၄ မိုးစပါး ရေတော်မိုးတော် စိုက်ဧက နှစ်သိန်းငါးသောင်း ခြောက်ထောင်ကျော်၊ သဲဆန်ကုန်းချော စိုက်ဧက ခုနစ်ရာကျော်တို့ကို ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ကျိုက်လတ်မြို့နယ်၌ မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားပြုလုပ်

ကျိုက်လတ် ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု ကွင်းအမှတ် (၉၉B) ဦးပိုင်အမှတ်(၂၀/၁)၊ ဧရိယာ ၃၈ ဧကရှိ တောင်သူ ဦးအေးမင်းထွန်း၏ လယ်မြေတွင် ၂၀၂၃-၂၀၂၄ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့ရာ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ တက်ရောက်အားပေးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးအောင်ဖုန်းက ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးရေတော်မိုးတော် စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနိုင်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးအောင်ဖုန်းနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ပြီး ကျိုက်လတ်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် ရေတော်မိုးတော်စိုက်ပျိုးဧက ၉၆၈၉၄ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

**၂၀၇**

## တောင်ငူမြို့ ကံပေါက်ကြီးကျေးရွာ၌ တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြသ

တောင်ငူ ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကံပေါက်ကြီးကျေးရွာ၌ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ခရိုင်စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြသခြင်းကို ကံပေါက်ကြီးကျေးရွာ တောင်သူ ဦးထွန်းလွင်၏ လယ်ယာမြေ သုံးဧက၌ ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။



ဦးစွာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်က ဗီယက်နမ်နိုင်ငံထုတ် လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း အကျိုးကျေးဇူးများအကြောင်း အသိပညာပေး ဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်မင်းဦးက ဒေသခံတောင်သူလယ်သမားများအား တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်အသုံးပြုပုံ၊ ပျိုးထောင်နည်းနှင့် စိုက်ပျိုးနည်း အချက် အလက်များကို မှတ်တမ်းဗီဒီယိုဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသည်။

အဆိုပါကွင်းသရုပ်ပြသပွဲသို့ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူ ၄၀၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၂၀၊ ဒေသခံတောင်သူလယ်သမား ၇၀ စုစုပေါင်း ၁၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ ဓာတ်မြေဩဇာများ တောင်သူများလက်ဝယ်အရောက်ပေးအပ်

မိုးနဲ ဩဂုတ် ၁၀

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် မိုးနဲမြို့နယ်၏ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ယူရီးယားဓာတ်မြေဩဇာများ တောင်သူများထံသို့ ဆက်လက်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဇော်မော်ဦးက ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဓာတ်မြေဩဇာများ နည်းစနစ်မှန်ကန်စွာနှင့် အကျိုးရှိစွာအသုံးပြုနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်တာဝန်ခံ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိများက မြို့နယ်အတွင်း ကျေးရွာအုပ်စုများရှိ မျိုးစေ့ထုတ် ၁၀ ဧက၊ မိုးစပါးစံပြစိုက်ကွက် ဧက ၃၀ နှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဧက ၉၀ စုစုပေါင်း ၁၃၇ ဧကအတွက် တစ်ဧက တစ်အိတ်နှုန်းဖြင့် တောင်သူ ၉၀ အား စုစုပေါင်း ဓာတ်မြေဩဇာ ၁၃၇ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ဆက်လက်၍ တောင်သူနည်းပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

## သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်

မြစ်ကြီးနား ဩဂုတ် ၁၀

ကချင်ပြည်နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သမဝါယမကဏ္ဍမှ မိုးစပါး စိုက်ဧက ၁၁၉၁၀ အား ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများအား တစ်ဧကအထွက်နှုန်းတိုးစေရန် သွင်းအားစုပေးအပ်ခြင်းနှင့် စံပြကျေးရွာများရှိ သမဝါယမအသင်းများ လယ်ယာဝန်ဆောင်မှုဆောင်ရွက်နိုင်ရန် လယ်ယာသုံးစက်ကိရိယာများပေးအပ်ပွဲအခမ်းအနားကို မြစ်ကြီးနားမြို့ ပြည်နယ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် သမဝါယမအသင်းသား တောင်သူများအား တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှင့်ညီမျှသော ပုလဲ၊ ကွန်ပေါင်း၊ သဘာဝမြေဩဇာ၊ မျိုးစပါးများပေးအပ်ခြင်း၊ စိုက်ပျိုးရေး ဦးစီးဌာနက ပံ့ပိုးပေးသည့် Drum Seeder အလက် ၁၆၀ နှင့် စံပြကျေးရွာများရှိ သမဝါယမအသင်းသားများသို့ ပေးအပ်သည့် ထွန်စက်ခြောက်စီးအတွက် စုစုပေါင်းငွေကျပ် ၁၁၉၂ သန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းရယ်၌ မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

မိုင်းရယ် ဩဂုတ် ၁၀

ရှမ်းပြည်နယ်အစိုးရအဖွဲ့က မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက မိုင်းရယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်က



တက်ရောက်လာကြသည့် တောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိရေး၏ ဆိုလိုရင်းနှင့် အထွက်နှုန်း ကောင်းမွန်စေမည့်နည်းလမ်းကောင်းများ၊ အလေးထားဆောင်ရွက်ရမည့်အချက်များနှင့် နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့်သွင်းအားစုများ အသုံးပြု၍ အထွက်နှုန်းပိုမိုတိုးတက်စေရန်နှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးရေးနည်းပညာများကို ရှင်းလင်းမျှဝေပေးသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာအုပ်စု သုံးအုပ်စုမှ မိုးစပါးမျိုးစေ့ထုတ် ၁၅ ဧကနှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ၁၀ ဧကအတွက် ဓာတ်မြေဩဇာ ၂၅ အိတ်ကို တောင်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ဂျာအမိမြေကာကွယ်စောင့်ရှောက်ရေးအမျိုးသားကောင်စီက အစိုးရသစ်ဖွဲ့စည်း



**နီးယားမေ ဩဂုတ် ၁၀**

နိုင်ဂျာအမိမြေ ကာကွယ်စောင့်ရှောက်ရေးအမျိုးသားကောင်စီက အစိုးရသစ်တစ်ရပ်ကို ယနေ့ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

၎င်းအစိုးရသစ်တွင် ဝန်ကြီးချုပ်အဖြစ် Ali Lamine Zeine က တာဝန်ယူဆောင်ရွက်ပြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများကို တပ်မတော်နှင့် အရပ်ဘက်မှ ဝန်ကြီးစုစုပေါင်း ၂၀ ဖြင့် ဖွဲ့စည်းခဲ့သည်။

နိုင်ဂျာနိုင်ငံသည် အစ္စလာမ္မစ်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကို ဆယ်စုနှစ်တစ်ခုကြာမျှခံစားခဲ့ရပြီး ၎င်းတိုက်ခိုက်မှုများအတွင်း တပ်မတော်သားများနှင့် နိုင်ငံသားများသေဆုံးခဲ့ရသဖြင့် နိုင်ဂျာတပ်မတော်က နိုင်ငံ၏ အခြေအနေကို ထိန်းသိမ်းရန်အတွက် နိုင်ငံတော်တာဝန်ကို ရယူခဲ့ရခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး Abdourahmane Tchiani က ပြောကြားသည်။

**ထပ်လောင်းပြောကြား**

ပြင်သစ်တပ်ဖွဲ့များနှင့် ၎င်း၏ အပေါင်းအပါများကြောင့် နိုင်ဂျာနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနေကြောင်း နိုင်ဂျာအမိမြေကာကွယ်စောင့်ရှောက်ရေး အမျိုးသားကောင်စီက ထပ်လောင်းပြောကြားသည်။

ပြင်သစ်နိုင်ငံသည် နိုင်ဂျာ၏ လေပိုင်နက်ပိတ်ပင်ခြင်းဆိုင်ရာ စည်းမျဉ်းများကို ချိုးဖောက်ခဲ့ပြီး အိမ်နီးချင်းချက်ဒ်နိုင်ငံမှ တစ်ဆင့် ပြင်သစ်စစ်လေယာဉ်တစ်စင်းကို နိုင်ဂျာလေပိုင်နက်အတွင်းသို့ စေလွှတ်ခဲ့ကြောင်းနှင့် နိုင်ဂျာနယ်စပ်ဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်နိုင်ရန် အကြမ်းဖက်သမားများကိုလည်း ဖမ်းဆီးထားရာမှ စေလွှတ်ခဲ့ကြောင်း နိုင်ဂျာတပ်မတော်မှ ပြောကြားသည်။

နိုင်ဂျာနိုင်ငံအနောက်ပိုင်း Samira ရှိ ရွှေတွင်းတစ်ခုမှ ကီလိုမီတာ ၃၀(၁၈ မိုင်) ကွာဝေးသည့် Bourkou Bourkou ဟုခေါ်သော ဒေသတွင် အမျိုးသားအစောင့်တပ်မှ သိမ်းပိုက်ထားသည့် နေရာတစ်ခုကို ယနေ့နံနက် ၆ နာရီခွဲတွင် တိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။ ၎င်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် နိုင်ဂျာနိုင်ငံတစ်ဝန်းရှိ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တပ်လှန့်ထားခဲ့သည်။

ကိုးကား - စီဂျီတီအင်န်၊
အာဖရိကန်နယူးစ်ဒေ့ါအီးအင်န်
ဘာသာပြန် - စိုးသူရ

## သမ္မတ ဂျိုးဘိုင်ဒင်ကို လုပ်ကြံသတ်ဖြတ်ရန် အွန်လိုင်းမှ ခြိမ်းခြောက်သည့် အမျိုးသားကို အက်ဖ်ဘီအိုင်က သေနတ်ဖြင့် ပစ်ခတ်

**ဝါရှင်တန် ဩဂုတ် ၁၀**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကို လုပ်ကြံသတ်ဖြတ်ရန် အွန်လိုင်းမှ ခြိမ်းခြောက်မှုများ လုပ်ဆောင်သည့် အမျိုးသားတစ်ဦးကို အမေရိကန်စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)က သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။



ဂျိုးဘိုင်ဒင်ကို လုပ်ကြံသတ်ဖြတ်မည်ဟု ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့ပြီးနောက် ယင်းအမျိုးသားကို ဖမ်းဝရမ်းထုတ်ခဲ့ပြီး နိုင်ငံ၏အနောက်ပိုင်း ယူတက်ချ်ပြည်နယ်ရှိ ၎င်း၏နေအိမ်တွင် ဩဂုတ် ၉ ရက်က ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ဂျိုးဘိုင်ဒင်သည် ဩဂုတ် ၉ ရက်တွင် ယူတက်ချ်ပြည်နယ်သို့ သွားရောက်ရန် စီစဉ်ထားသည်။

ယူတက်ချ်ပြည်နယ်သို့ ဂျိုးဘိုင်ဒင် လာရောက်ပါက လုပ်ကြံသတ်ဖြတ်မည်ဖြစ်ကြောင်းနှင့် ၎င်း၏စနိုက်ပါရိုင်ဖယ်သေနတ်ကို ပြင်ဆင်ထားသည်ဟု ၎င်းက ဆိုရှယ်မီဒီယာတွင် ခြိမ်းခြောက်သည့် ပို့စ်များရေးတင်ခဲ့ကြောင်း သိရသည်။

နိုင်ငံရေးသမားများနှင့် လူသိများထင်ရှားသည့်ပုဂ္ဂိုလ်များကို အွန်လိုင်းမှ ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံရပြီးနောက် အမေရိကန်စုံစမ်းစစ်ဆေးရေးအေးဂျင့်များသည် လွန်ခဲ့သည့်လများမှစပြီး အဆိုပါအမျိုးသားအား စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်ခဲ့ကြောင်း မီဒီယာများက သတင်းဖော်ပြသည်။

ခြိမ်းခြောက်ခံရသူများတွင် ဒုတိယသမ္မတ ကင်မလာ ဟဲရစ်နှင့်သမ္မတဟောင်း ဒေါ်နယ်ထရမ့်၏ အမှုတွဲကို စွဲချက်တင်ရန် ကြိုးပမ်းနေသည့် အစိုးရရှေ့နေတစ်ဦးလည်း ပါဝင်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## ဉာဏ်ရည်တု နည်းပညာဆိုင်ရာ မူပိုင်ခွင့်စည်းမျဉ်းများကို ပြန်လည်သုံးသပ်ရန် အမေရိကန်နှင့် ဥရောပရှိ သတင်းမီဒီယာအဖွဲ့တစ်ဖွဲ့က တောင်းဆို

**ဝါရှင်တန် ဩဂုတ် ၁၀**

အမေရိကန်နှင့် ဥရောပရှိ ကမ္ဘာ့အကြီးဆုံး သတင်းမီဒီယာအဖွဲ့တစ်ဖွဲ့က ဉာဏ်ရည်တု (AI) နည်းပညာဆိုင်ရာ မူပိုင်ခွင့်စည်းမျဉ်းများကို ပြန်လည်သုံးသပ်ရန် တောင်းဆိုခဲ့ကြောင်း ဩဂုတ် ၉ ရက်က ထုတ်ပြန်ခဲ့သည့် ၎င်းမီဒီယာအဖွဲ့၏ အိတ်ဖွင့်ပေးစာတွင် ဖော်ပြထားသည်။

**ဖြန့်ဝေပေးလျက်ရှိ**

Generative AI နှင့် အခြာဘာသာစကားအက်ပလီကေးရှင်းများသည် မူရင်းဖန်တီးသူများအား ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ မကြာခဏဆိုသလို အကြောင်းအရာနှင့် အချက်အလက်များကို သုံးစွဲသူများထံ ဖြန့်ဝေပေးလျက်ရှိသည့်အတွက် ထိုသို့သော အလေ့အကျင့်များသည် မီဒီယာလုပ်ငန်းများကို ထိခိုက်စေသည်ဟု သိရသည်။

**အကျိုးသက်ရောက်မှုများရှိ**

ChatGPT နှင့် Google's Bard စသောဉာဏ်ရည်တုနည်းပညာလုပ်ငန်းများသည် အွန်လိုင်းတွင် အကြောင်းအရာအများအပြားကို ဖန်တီးထုတ်လုပ်နေကြပြီး ၎င်းကဲ့သို့ ထုတ်လုပ်ခြင်းဖြင့် အခြားနည်းပညာဆိုင်ရာလုပ်ငန်းများအပေါ်တွင် ထိခိုက်နိုင်သည့် အကျိုးသက်ရောက်မှုများရှိကြောင်း သိရသည်။

ကုမ္ပဏီအများအပြားသည် မျိုးဆက်သစ် AI ကို အခြေခံသည့် ကဏ္ဍများကို စတင်အသုံးပြုနေကြပြီဖြစ်သော်လည်း ကမ္ဘာတစ်ဝန်းရှိ အစိုးရများသည် ၎င်းကဲ့သို့ နည်းပညာအသုံးပြုမှုကို ထိန်းချုပ်ရန်အတွက် စည်းမျဉ်းများကို စဉ်းစားနေကြဆဲဖြစ်သည်။

ကိုးကား - စီဂျီတီအန်
ဘာသာပြန် - စိုးသူရ

## ရုရှားနိုင်ငံ၏ လဆင်းယာဉ် Luna-25 က လ၏ဖွဲ့စည်းပုံကို လေ့လာမည်

**မော်စကို ဩဂုတ် ၁၀**

ရုရှားနိုင်ငံက လွှတ်တင်မည့်လဆင်းယာဉ် Luna-25 သည် လ၏ မျက်နှာပြင်အနေအထားနှင့် လ၏ဖွဲ့စည်းပုံတို့ကို သိပ္ပံပညာရှင်များ လေ့လာနိုင်ရန် အကူအညီများပေးမည်ဖြစ်ပြီး ၎င်းလဆင်းယာဉ် လပေါ်သို့ ဆင်းသက်ပုံကို တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**အသေးစိတ်လေ့လာနိုင်စေမည်**

မြင်ကွင်းကျယ်ကင်မရာများဖြင့် လကမ္ဘာပေါ်တွင် Luna-25 ဆင်းသက်ခြင်းလုပ်ငန်းစဉ်တစ်ခုလုံးကို မှတ်တမ်းတင်ရန် စီစဉ်ထားသည်။ ၎င်းဗီဒီယိုဖိုင်အရ ဘူမိရူပပညာရှင်များကို လကမ္ဘာရှိ မြေဆီလွှာ၏ ခိုင်ခံ့မှုနှင့် လ၏ဖွဲ့စည်းပုံအပါအဝင် အခြားအင်္ဂါရပ်များကို အသေးစိတ်လေ့လာနိုင်စေမည်ဖြစ်သည်။ ယခုလေ့လာမှုမှရရှိသည့် ဒေတာအချက်အလက်များကြောင့် အနာဂတ်လဆင်းယာဉ်များအတွက် ပိုမိုတိကျသောဆင်းသက်မှုကို ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

၎င်းလဆင်းယာဉ်ကို ရုရှားနိုင်ငံ အရှေ့ဘက်တွင်ရှိသည့် Amur Oblast ရှိ အာကာသစခန်းမှနေ၍ မော်စကိုစံတော်ချိန်ဩဂုတ် ၁၁ ရက် နံနက် ၂ နာရီ ၁၁ မိနစ်တွင် လွှတ်တင်မည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## ဟာဝိုင်အီရှိ Maui ကျွန်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် အနည်းဆုံး ၃၆ ဦး သေဆုံး

**ဟိုနိုလူလူ ဩဂုတ် ၁၀**

ဟာဝိုင်အီရှိ Maui ကျွန်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် အနည်းဆုံး ၃၆ ဦး သေဆုံးခဲ့ပြီး ၂၁၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**လျှင်မြန်စွာပျံ့နှံ့**

ဟာဝိုင်အီရှိ ကျွန်းအများအပြား၌ ဩဂုတ် ၈ ရက်တွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး ဟာရီကိန်း မုန်တိုင်းတစ်ခုသည် ကျွန်း၏တောင်ဘက်သို့ ရွေ့လျားလာသည့်အတွက် လေပြင်းများ တိုက်ခတ်ခဲ့ခြင်းကြောင့် တောမီးများ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုများကြောင့် Maui ကျွန်းမှ လူ ၁၁၀၀၀ ခန့် ထွက်ခွာသွားကြောင်း ဒေသအာဏာပိုင်များက ပြောသည်။ ကျွန်းပေါ်ရှိလဟိုင်းနား ခရီးသွားမြို့လယ်သို့ မီးတောက်များ ရောက်ရှိခဲ့သည်။

ဂျပန်ဗုဒ္ဓဘာသာဘုရားကျောင်းတစ်ခုနှင့် မြို့၏အမှတ်အသားဖြစ်သည့် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ သစ်ပင်ကြီးတစ်ပင်တို့သည် တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့ရကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် မီးခိုးငွေ့များကို ရှောင်ရှားရန် သမုဒ္ဒရာထဲသို့ ထွက်ပြေးခဲ့သည့် ၁၂ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့က ဆိုသည်။

Mauna Kea Resort အပန်းဖြေစခန်းနေရာ၌ ခရီးသွားများနှင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ကယ်ဆယ်ရေး လုပ်သားများက ဆိုသည်။

တောမီးလောင်ကျွမ်းလျက်ရှိသည့် ကျွန်းများ၌ မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# တရားမဝင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ရေနံစိမ်းနှင့်လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၀

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် နှမ်းနက် အိတ် ၃၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Tun Light Truck Pickup တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က ထားဝယ် - မြိတ်ကားလမ်း ပေါက်တိုင်းတံတား စစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့မှ ထားဝယ်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Nylon Rope ကီလိုဂရမ် ၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့အတူ ဩဂုတ် ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Fire Hose Wheel with Cabinet ၃၀၂၉ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၂၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၇၅၈၅၆)ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခုနစ်လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသည့် Bolt And Nut ၁၂၅ တန် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၂၀၀၀၀၀၀)နှင့် သွင်းကုန်လိုင်စင်လိုအပ်သော Perforated Metal Sheet ၂၀၂၆၅ ကီလိုဂရမ် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၀၄၃၆၄၅)ကိုလည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်း မရှိသည့် Color Coated Aluminium Coil ၂၂၀၁၃ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၁၀မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၁၈၆၇၄၆)ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၃၇၀၁၀၆၂၄၇)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်တွင် မကွေးမြို့ မြို့မအိုးဘိုရပ်ကွက် ရောဝတီ လုံခြုံရေးဂိတ်အနီး၌ လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)၊ ဩဂုတ် ၉ ရက်တွင် မကွေးမြို့ ကန်ပြားကျေးရွာအနီး၌ လိုင်စင်မဲ့ Honda Insight ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် ငဖဲမြို့နယ် နတ်ရေကန် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Suzuki SWIFT ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ချောက်မြို့ အမှတ်(၃)နယ်မြေ ရွာမရပ်ကွက်၌ တရားမဝင်ရေနံစိမ်း ၁၃၃ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၉၀၀၀)ကို ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေအရ လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၉၉၀၀၀)ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၇ ရက်၊ ၈ ရက်နှင့် ၉ ရက် တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၄၅၀၅၂၄၇ ကျပ်) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြစ်ကြီးနားနှင့် ကွတ်ခိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၉ ရက် ညနေ ၄ နာရီတွင် မြစ်ကြီးနားမြို့နယ် မလိခကျေးရွာအုပ်စု နမ့်ခမ်းကျေးရွာအနီးရှိ ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဟီးနိုးအမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၉၉ ကီလိုကိုလည်းကောင်း၊ ထိုနေ့ ညနေ ၅ နာရီ မိနစ် ၄၀တွင် ကွတ်ခိုင်မြို့ အမှတ်(၈)ရပ်ကွက်ရှိ ကွတ်ခိုင်-ကောင်းခါးသွားကားလမ်းတွင် မာလမောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



မထွေးပိုအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များသိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၃၀ ဒသမ ၄၆၉၂ တန်၊ သစ်မာ ၄ ဒသမ ၄၁၈၀ တန်၊ အခြား ၂၆ ဒသမ ၄၅၇၇ တန်၊ စုစုပေါင်း ၆၁ ဒသမ ၃၄၄၉ တန်၊ ယာဉ်/ ယန္တရား ခြောက်စီး၊ တရားခံ ၁၄ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၈-၂၀၂၂ သောကြာနေ့

**MRTV HD**

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အဋ္ဌာနာဋိယသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ သရေခေတ္တရာပျူမြို့ဟောင်းဆီသို့ အလည်တစ်ခေါက်
၀၉:၃၅ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူမှုစီးပွားသတင်းများ
၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ 'ချုန်တွန်းနှင့် အဓိပ္ပါယ်မဲ့ ရအောင်ဆိုင်' (အပိုင်း-၁)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ကံကြမ္မာမုန်တိုင်း' (အပိုင်း-၄၂)
၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
၁၆:၃၅ မျိုးဗီဇတင့်စေဆိုကရေးတီးအမွေ
၁၇:၁၅ SEAMEO မှသည်...
၁၇:၃၀ Weekly Sport Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြ မြန်မာတေးအလှ
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'ချုန်တွန်းနှင့် အဓိပ္ပါယ်မဲ့ ရအောင်ဆိုင်' (အပိုင်း-၂)
၂၀:၀၀ ပြည်တွင်းသတင်း
နိုင်ငံတကာသတင်း
မိုးလေဝသအခြေအနေ
၂၁:၀၀ 'Music Travellers-2' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်

**mitv**

07:01 Evergreen Classic : Suvanna Sama (Hnin Yee Thant)
07:10 The Longest Living Siblings (Part-1)
07:32 MONASTERY (Shwe In - Pin Kyaung)
07:44 Finding Ways for Coexistence between People and Elephants
08:01 News
08:26 Tahbuhla Dam & Oakkan Chaungtha
08:38 Lucrative Myanma Rattan Industry
09:01 Listening Pleasure, Instrumental Music (Horn Violin) Son Taw Myaing
09:14 Thilawa SEZ (Thriving Model Special Economic Zone)
09:30 Innovative Handiworks Based On The Art Of Line Drawing
09:49 Ecotourism: Shameka Taw Ya Monastery and Dolphin Community Lo
10:01 News

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ခရုတင်းမွှန်ချက်
**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ထုတ္တန့်သိပ်ပုထိုးတော်ကြီး
**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
အလှဖြာဝေကမ္ဘောဇဌာနေ
**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)
**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
စားချင်စဖွယ်ကချင်ဆာဖြယ်
**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
စာပတ်ခြင်း၏အကျိုးကျေးဇူးများ
**စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ပိရိုးဗလာသဘာဝမျှစ်ခြောက်ပြုလုပ်နည်း
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
စိတ်ဝင်စားဖွယ်ရာများရှိရာ မြွေကျွန်းသို့
**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
အိမ်နောက်ဖေးတွင်ဈေးဆိုင်တည်ခြင်း
**ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)**
ကျန်းမာရေးအတွက် ကောင်းကျိုးများသည့် ပဟာကကြံဆစ်
**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ဘိုးဘွားတို့ရဲ့ဆိုဆုံးမစကား

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၇:၄၅ အသိပညာနှင့်အမှန်တရား
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၄၅ ရတနာအလားကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၄၅ ထူးဆန်းဖွေရှာ ရခိုင်ဓလေ့ရှေးရိုးရာ
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဖြူစင်သောစိတ်ထား'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ PR SYSTEM စကားဝိုင်း (MWD)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၁)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃)
၁၈:၀၀ Economic Review (အပိုင်း-၁၄) 'ငွေပို့လျှင်ဘာလုပ်သင့်လဲ'

**MRTV FARMERS**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၂၅ တောင်သူများအထောက်အပံ့ဖြစ်စေဖို့ ပျားမွေးမြူကြစို့
၀၆:၄၅ ဆေးပင်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ Back to Edan Gardening Documentary Film
၂၂:၀၀ Modern Agriculture Machines
၂၂:၃၀ License to Farm-Official Documentary
၂၃:၀၀ Karl And Tina: Embracing Village Life In Japan: NHK World Prime

**MRTV SPORTS**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၄၀ Sport Diary-18 (Basketball)
၀၇:၃၀ Chengdu Speical (EP-4)
၀၇:၄၀ Soccer View
၀၈:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘော အက်ဒေး' (အပိုင်း-၃၂)

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၇)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပဲခူးမြို့ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ အခြေခံစားသောက်ကုန်များ သွားရောက်ထောက်ပံ့

ပဲခူး ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သော ရပ်ကွက်များတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းများ၏ ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်များနှင့် သီးခြားလိုအပ်ချက်များ သွားရောက်ဖြည့်ဆည်းထောက်ပံ့ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ မြို့သစ်(၈)ရပ်ကွက် ဆုတောင်းပြည့်တော်ကြီး ကျောင်းတိုက်၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ဒေသခံပြည်သူများအား အားပေးစကားပြောကြားခဲ့ပြီး အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ဆီ၊ ရေသန့်၊ ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေဝင်ရောက်သည့် ကျောက်ကြီးစုရပ်ကွက်အတွင်း စက်လှေများဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်သူများသွားလာရ လွယ်ကူစေရေး စက်လှေများဖြင့် သယ်ယူပို့ဆောင်ပေးနိုင်ရေးနှင့် အိမ်အရောက် ထမင်းထုပ်များ အခမဲ့ဖြန့်ဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကာ ပဲခူးမြစ်ရေကြီးမှုအား ပဲခူးမြစ်ကူးတံတားပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုညကုသလမြချမ်းသာ ဆွမ်းလောင်းဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများအတွက် ထမင်းထုပ်များ



စီစဉ်ဆောင်ရွက်နေမှု၊ ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက် အထက(ခွဲ) ရေဘေးကယ်ဆယ်ရေးစခန်းနှင့် ပညာမွန်ဘုန်းတော်ကြီးကျောင်းတို့၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းများသို့သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ကာ ပဲခူးမြို့အတွင်း ရေများအမြန်ဆုံး ပြန်လည်ကျဆင်းစေရေး၊ ယာဉ်အန္တရာယ်/လမ်းအန္တရာယ်ကင်းရှင်းစေရေး၊ လျှပ်စစ်မီးအန္တရာယ်ကင်းရှင်းရေး၊ ကယ်ဆယ်ရေးအတွက် လူအသင့်စုဖွဲ့ထားရန်၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေး၊ စာသင်ကျောင်းများ ရေဝင်ရောက်မှုအမြန်ဆုံး ပြန်လည်ကျဆင်းစေရေး၊ လယ်မြေများ ထိခိုက်/ပျက်စီးမှုလျော့နည်းစေရေး၊ ရေဝင်ရောက်သည့် ရပ်ကွက်များအတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီး ကယ်ဆယ်ရေးစခန်းများ၌ ချက်ပြုတ်ကျွေးမွေးနိုင်ရေး အခြေခံစားသောက်ကုန်များ ဆန်၊ ဆီ၊ ဥ၊ ငါး အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးခြင်းနှင့်အခင်းအကာအတွက် တာပေါ်လင်လိပ်များ ပေးအပ်ခဲ့သည်။

ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၈ ရက် ညပိုင်းမှစ၍ ရပ်ကွက် ၁၁ ခု၊ ကျေးရွာခြောက်ရွာ၌ ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ၂၉ ခု ဖွင့်လှစ်ထားရှိပြီး အိမ်ခြေ ၂၈၄၈ အိမ်၊ အိမ်ထောင်စု ၂၉၇၃ စု၊ လူဦးရေ ၁၂၄၆၁ ဦးအား ကျန်းမာရေးနှင့် စားသောက်နေထိုင်ရေး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် စောင့်ရှောက်ပေးလျက်ရှိသည်။ ပဲခူးမြစ်ရေသည် ပဲခူးမြို့၏ စိုးရိမ်ရေမှတ် ၈၈၀ စင်တီမီတာကို ကျော်လွန်ပြီး ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းအထိ ယင်းမြို့၏ စိုးရိမ်ရေ အမှတ်အထက် ၆၈ စင်တီမီတာ ကျော်လွန်ရောက်ရှိလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ခန္တီးမြို့နယ်တွင် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်း ကျင်းပ

ခန္တီး ဩဂုတ် ၁၀

ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှု(သိပ္ပံ)တို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။



ဦးစွာကျောင်းအုပ်ဆရာမကြီး ဒေါက်တာဥမ္မာဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က လူငယ်များ အသိပညာဗဟုသုတများပိုမိုကြွယ်ဝစွာရရှိစေရန်၊ ပရိသတ်များ၏ရှေ့၌ ပြောရဲဆိုရဲ ပြောတတ်ဆိုတတ်သည့် စကားပြောအတတ်ပညာကျွမ်းကျင်လာစေရန်၊ လူငယ်အချင်းချင်း ရင်းနှီးမှုများရရှိပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးသည့် လူငယ်၊လူရွယ်များပေါ်ထွက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ခရိုင်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က ဦးဆောင်ဆွေးနွေးပေးပြီး ဒုတိယနှစ်ကျောင်းသား မောင်စိုင်းဝင်းထက်က “လူငယ်နှင့် Social Media ”၊ ပထမနှစ်ကျောင်းသူ မဆွေဆွေတင့်က “လူငယ်နှင့်စာရိတ္တ”၊ ပထမနှစ်ကျောင်းသူ မခိုင်ဇင်ဦးက “လူငယ်နှင့်စာပေ”၊ ပထမနှစ်ကျောင်းသား မောင်အောင်မော်မော်က “လူငယ်နှင့်နည်းပညာ” စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများက မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

အေးခိုင်(ပြန်/ဆက်)

## မအီမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ်အချို့ ရေနစ်မြုပ်မှု ဖြစ်ပွား

မအီ ဩဂုတ် ၁၀

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့၌ သုံးရက်ခန့်အကြာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့၍ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်တို့၌ လူနေအိမ်အချို့မှာ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်း၍ ရေနစ်မြုပ်ခဲ့သည့် အိမ်ထောင်စုများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရှိခဲ့ပြီး ယခုအချိန်တွင် ရေကျလာပြီဖြစ်၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက အဆိုပါ အိမ်ထောင်စုများမှာ မကြာမီကာလ၌ မိမိတို့နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်ဌေး(ပြန်/ဆက်)



## မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

**စစ်တောင်းမြစ်**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ်**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေကျော်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဘီးလင်းမြစ်**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**နန့်ယင်းမြစ်**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ နန့်ယင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**နန့်ကောင်းမြစ်**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ နန့်ကောင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်နှင့် မိုးကောင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

# နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း



ရန်ကုန် ဩဂုတ် ၁၀

နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉)ရပ်တို့အား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၂၃)ကို ယနေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ထပ်ဆင့်ရှင်းလင်းရာ နိုင်ငံအတွင်း စားရေရိက္ခာ ပေါများကြွယ်ဝရေး၊ တစ်သီးစားတင်မက နှစ်သီးစား စိုက်ပျိုးနိုင်ရေး၊ သီးထပ်စွမ်းအားတိုးမြှင့်စိုက်ပျိုးရေး၊ ရှိပြီးသားမွေးမြူရေးလုပ်ငန်းများ စနစ်တကျမွေးမြူနိုင်ရေးနှင့် တိုးချဲ့မွေးမြူလုပ်ကိုင်နိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေးစနစ် ကောင်းမွန်ပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် စာတတ် ပေတတ် ပညာတတ် လူငယ်များပေါ်ထွက်လာရန် ပြုစုပျိုးထောင်ရေး၊ အနာရောဂါကင်းစင်ပြီး ကျန်းမာရေးကောင်းမွန်၍ သက်တမ်းစေ့နေနိုင်သော ပြည်သူများဖြစ်လာစေရေးနှင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်က ကဏ္ဍအလိုက် အလေးထားလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ဝန်ကြီးဌာနများ၏ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များကို ဖတ်ကြားရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများနှင့် လမ်းညွှန်မှာကြားချက်အပေါ် လိုက်နာဆောင်ရွက်မည့် အခြေအနေများကို အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက နိုင်ငံ့အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို အထူးအလေးထား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ၏အကျိုးစီးပွားနှင့် နိုင်ငံအတွင်းမှီတင်းနေထိုင်သော ပြည်သူများအတွက် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရင်း ပြည်သူများက အားကိုးရသော နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းကဏ္ဍများကို ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## ရွှေသွေးဂျာနယ် ထွက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဩဂုတ် ၁၂ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၃၂) တွင် အားကစားကို အမှန်တကယ် ချစ်မြတ်နိုးလျှင် သန့်ရှင်းစွာ ကစားကြရန်နှင့် ငွေကြေးဖြင့် ကစားလျှင် ဆိုးကျိုးများသာ ကြုံတွေ့နိုင်ကြောင်း တင်ဆက်ထားသည့် “အားကစားစိတ်ဓာတ်” မျက်နှာဖုံးကာတွန်း၊ ရှားပါးမှုနှင့် ရွေးချယ်မှုတို့၏ အဓိပ္ပာယ်ကို ကလေးများ နားလည်သဘောပေါက်စေရန် ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် “ရှားပါးမှုနဲ့ ရွေးချယ်မှု” သုတကဏ္ဍ၊ ကလေးတို့လက်ရာ ပန်းချီများကို ဖော်ပြထားသည့် “ရွှေသွေးတို့လက်ရာ” ပန်းချီကဏ္ဍ၊ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်သင့်ကြောင်း တင်ဆက်ထားသည့် “ဖိုးလပြည့်” နှစ်မျက်နှာ ကာတွန်း၊ ဘဝတွင် မိမိလုပ်နိုင်သည့်အရာကိုသာ စဉ်းစားပြီး လုပ်သင့်သလို ယင်းမှ ထွက်ပေါ်လာမည့် အကျိုးဆက်ကို တွေးထားရမည့်အကြောင်း ရေးသားထားသည့် “စိတ်ကူးယဉ်တဲ့လိပ်” ပုံပြင်ကဏ္ဍ၊ ကျီးကန်းများသည် သူတို့၏ကျီးမျိုးကို ဝိုင်းဝန်း ကာကွယ်စောင့်ရှောက်သလို မိမိတို့သည်လည်း မိမိအမျိုးကို မိမိတို့ ကာကွယ်စောင့်ရှောက်သင့်ပုံကို သဘောပေါက်သွားသည့် မိဆုအကြောင်း တင်ဆက်ထားသည့် “ငှက်ကလေးပုံပြင်” တစ်မျက်နှာကာတွန်း၊ ဝတ္ထုကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍအပါအဝင် အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၈-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၀ | ၂၃၆၅ | ၂၃၄၅ | ၂၄၄၀ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၄၀၀ | ၂၆၃၀ | ၃၁၂၀ |
| 95 Ron | ၂၄၂၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၃၀ | ၂၄၇၀ | ၂၄၉၅ | ၂၄၈၀ | ၂၄၅၅ | ၂၅၅၅ | ၂၅၇၀ | ၂၄၆၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၁၀ | ၂၅၁၀ | ၂၇၄၀ | ၃၂၂၀ |
| HSD (500 ppm) | ၂၅၀၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၅၄၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၀ | ၂၆၅၀ | ၂၆၄၅ | ၂၅၄၀ | ၂၅၅၀ | ၂၅၈၅ | ၂၅၈၅ | ၂၅၉၀ | ၂၈၁၅ | ၃၂၂၀ |
| HSD (50 ppm) | ၂၅၇၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၆၂၀ | ၂၆၄၅ | ၂၆၄၀ | ၂၆၁၀ | ၂၇၃၀ | ၂၇၂၅ | ၂၆၁၅ | ၂၆၂၅ | ၂၆၆၀ | ၂၆၆၀ | ၂၆၆၅ | ၂၈၉၅ | ၃၂၈၀ |
| HSD (10 ppm) | ၂၅၇၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၆၂၀ | ၂၆၄၅ | ၂၆၄၀ | ၂၆၁၀ | ၂၇၃၀ | ၂၇၂၅ | ၂၆၁၅ | ၂၆၂၅ | ၂၆၆၀ | ၂၆၆၀ | ၂၆၆၅ | ၂၈၉၅ | ၃၂၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၈ | ၂၂၇၆ |
| 95 Ron | ၂၃၀၆ | ၂၃၈၆ |
| HSD (500 ppm) | ၂၃၈၁ | ၂၄၅၈ |
| HSD (50 ppm) | ၂၄၅၅ | ၂၅၃၄ |
| HSD (10 ppm) | ၂၄၅၅ | ၂၅၃၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၄၅၆ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦးတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၀-၈-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၄၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၇၁,၃၉၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၁၁၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၉၁၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ယုံကြည်မှုတည်ဆောက်ခြင်း

**စိုးနိုင်ထွန်း**

မြန်မာစကားတွင် "ယုံကြည်" ဟူသည့် စကားလုံးတွဲလေးရှိသည်။ စကားလုံးအားဖြင့် နှစ်လုံးတည်းသာဖြစ်သော်လည်း နေရာတကာတွင် အင်မတန်မှ အရေးပါသောစကားလုံး ဖြစ်သည်။ **"ယုံ"၏ အဓိပ္ပာယ်မှာ အမှန်အဖြစ်မှတ်ယူသည်။ စိတ်ချသည်။** ဖြစ်ပြီး **"ကြည်"၏ အဓိပ္ပာယ်မှာ နှစ်သက်သည်။ သဘောကျသည်။** ဟု မြန်မာ အဘိဓာန်တွင် ဖွင့်ဆိုထားသည်။

**မဖြစ်မနေတည်ဆောက်ထားရမည့် အခြေခံ Key Player**

မည်သည့်အရေးကိစ္စတွင်မဆို ယုံကြည်မှု မတည်ဆောက်နိုင်ပါက နှစ်ဦးနှစ်ဖက် win-win solution ဖြစ်မလာနိုင်ပေ။ ယုံကြည်မှုတည်ဆောက်ခြင်း (Trust Building) ကို လျှော့တွက်၍မရဘဲ အမြဲထည့်သွင်းစဉ်းစားထားဖို့လိုပေသည်။ အဘယ်ကြောင့်နည်းဟူမူ နိုင်ငံရေးတွင်လည်း သူမပါလျှင်မပြီး အရေးကြီးသည့်အရာဖြစ်သည်။ အခြားကဏ္ဍများဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး စသည့်နေရာစုံတို့တွင် မဖြစ်မနေတည်ဆောက်ထားရမည့်အခြေခံ Key Player ကြီးပင် ဖြစ်ပါသည်။

ထို့ကြောင့် ဩစတြေးလျကဗျာဆရာမ Alison Croggon က **"If we do not trust one another, we are already defeated. ကျွန်ုပ်တို့သည် တစ်စုံတစ်ယောက်ကို မယုံကြည်ပါက အစကတည်းက ရှုံးနိမ့်ပြီးဖြစ်သည်။"**ဟု ယုံကြည်မှု၏ အရေးကြီးပုံကို ဆိုထားသည်။ အစိုးရနှင့် ပြည်သူ၊ ဆရာနှင့်တပည့်၊ ခင်ပွန်းနှင့်ဇနီး၊ မိဘနှင့်သားသမီး၊ အလုပ်ရှင်နှင့် အလုပ်သမား၊ ဆရာဘုန်းကြီးရဟန်းနှင့် တပည့် ဒါယကာ၊ ဒါယိကာမ စသည့်နယ်ပယ်အသီးသီးတို့တွင် ယုံကြည်မှုကောင်းစွာတည်ဆောက်နိုင်မှသာ စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်စီမံနိုင်မည်ဖြစ်ပြီး ပြုမူလုပ်ဆောင်သမျှတို့တွင် အရာထင်တွင်ကျယ်မည်ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၊ အသိုက်အဝန်းတစ်ခုနှင့်တစ်ခု၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယုံကြည်မှုပျောက်ဆုံးသွားပါက သံသယများဝင်လာကာ အကောင်းမမြင်တော့ပေ။ ကောင်းသောရည်ရွယ်ချက်နှင့် ကောင်းသောအလုပ်ပင်ဖြစ်သော်လည်း အဆိုးဘက်မှကြည့်သောကြောင့် အဆိုးသာမြင်တော့သည်။ ထို့ကြောင့် ကြာလာသည့်အခါ သံသယအမုန်းတရားများ တိုးပွားလာပြီး စကားများရန်ဖြစ်သည်မှအစ စစ်ပွဲများဖြစ်သည်အထိပင် ဦးတည်လာတော့သည်။

မှန်ကန်မှုမရှိခြင်း၊ ရိုးသားမှုမရှိခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ပေးထားသောကတိပျက်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိခြင်း၊ ကွယ်ရာတွင် တစ်ဦးမကောင်းကြောင်း တစ်ဦးကပြောခြင်း၊ လျှို့ဝှက်ရမည့်ကိစ္စများကို မလျှို့ဝှက်နိုင်ဘဲ ထုတ်ဖော်ခြင်း၊ ကိုယ်နှုတ်မစောင့်စည်းခြင်း၊ တစ်ဦးနှင့်တစ်ဦး လေးစားမှုမရှိခြင်းတို့သည် ယုံကြည်မှုကို ပျက်ပြားစေသော အခြေခံအကြောင်းတရားများပင် ဖြစ်သည်။ မိမိမှာအပြစ်ရှိလျက် မရှိသလို ဟန်ဆောင်တတ်သည့်မာယာနှင့် မိမိမှာ မရှိသော ဂုဏ်ကို ရှိဟန်ဆောင်တတ်သော လောဘတစ်မျိုးဖြစ်သည့် သာဌေယျတို့သည်လည်း အချင်းချင်း ယုံကြည်မှုပျက်ပြားစေသော အကြောင်းတရားများ ဖြစ်သည်။ ပညာရေးနယ်ပယ်တွင်လည်း ကျောင်းသားများရော ဆရာများပါ ရိုးရိုးသားသား ဆည်းပူးလေ့လာသင်ကြားပို့ချမှသာ ကျောင်းသားနှင့် ဆရာကြားသာမက ပညာရေးစနစ်နှင့် ပြည်သူလူထုကြားတွင် ယုံကြည်မှုပျောက်ဆုံးခြင်းဘေးမှ ကင်းဝေးမည်ဖြစ်သည်။

**ယုံကြည်မှု၊ အားကိုးမှုများ ပျောက်ဆုံးသွားမည်**

နိုင်ငံရေးတွင်လည်း ရွေးကောက်ခံကိုယ်စားလှယ်များသည် မဲဆွယ်စည်းရုံးစဉ်က ပြောခဲ့သောစကား၊ ပေးခဲ့သောကတိများကို အမှန်တကယ် ရွေးကောက်ခံရချိန်တွင် မဖြည့်ဆည်း၊ မဆောင်ရွက်ပေးနိုင်ပါက အဆိုပါကိုယ်စားလှယ်သာမက ကိုယ်စားလှယ်နှင့်ဆက်စပ်သည့် အဖွဲ့အစည်းများကိုပါ ယုံကြည်မှု၊ အားကိုးမှုများ ပျောက်ဆုံးသွားမည်ဖြစ်ပါသည်။

၂၀၀၃ ခုနှစ် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် လက်ထက်တွင် အီရတ်နိုင်ငံ၌ ဖျက်အားပြင်းလက်နက်များရှိသည်ဟု စွပ်စွဲကာ အမေရိကန်နှင့် ၎င်းတို့၏ အပေါင်းပါတို့သည် အီရတ်နိုင်ငံအတွင်း ကျူးကျော်စစ်ပြုခဲ့ကြသည်။ သို့သော် အီရတ်နိုင်ငံအတွင်း၌ မည်သည့်ဖျက်အားပြင်းလက်နက်မျှ ရှာတွေ့ခြင်းမရှိပေ။ အကျိုးဆက်အားဖြင့် ကမ္ဘာ့နိုင်ငံအားလုံးက အမေရိကန်နှင့် ယင်း၏အပေါင်းပါတို့အပေါ် ယုံကြည်မှုလျော့ကျကာ မေးခွန်းများ မေးစရာဖြစ်လာခဲ့တော့သည်။ နိုင်ငံရေးရိုးသားမှု၊ ပွင့်လင်းမြင်သာမှု မရှိခြင်းပင်ဖြစ်ပြီး ကြီးနိုင်ငယ်ညှဉ်းပြုမှုခြင်းလည်းဖြစ်သည်။

**ယုံကြည်မှုပျောက်ဆုံးလာပါက...**

တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုပျောက်ဆုံးလာပါက မိမိတို့၏အတွေးများ၊ အမြင်များကို ပွင့်လင်းစွာပြောဆိုရန် ခက်ခဲလာသည်။ မိမိတို့၏ နောက်ကျောအား ဓားထိုးခံရခြင်း၊ သစ္စာဖောက်ခြင်းတို့ ကြုံတွေ့ဖွယ်ရှိလာနိုင်သောကြောင့် ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းမှုတို့ နည်းပါးလာကာ လုပ်ငန်းကိစ္စတို့တွင် အဟန့်အတားဖြစ်လာသည်။ ထို့အပြင် အခွင့်အလမ်းများ တစ်စတစ်စဆုံးရှုံးလာခြင်း၊ ဆက်ဆံရေးတို့ပျက်ပြားလာခြင်း၊ ပဋိပက္ခများ မကြာခဏဖြစ်ကာ တင်းမာမှုများဖြစ်ပေါ်လာမည်ဖြစ်သည်။ အဆိုးဆုံးမှာ နှစ်ဦးနှစ်ဖက်စိတ်များတွင် ထိပ်တိုက်တွေ့ဆုံတိုင်း စိတ်မချမ်းသာမှုနှင့် စိတ်မကြည်လင်ခြင်းဟူသည့် ဒေါမနဿများသာ ဖြစ်ပေါ်နေမည်ဖြစ်သည်။ ထို့ကြောင့် ယုံကြည်မှုသည် ပေါင်းသင်းဆက်ဆံရေး၊ လုပ်ငန်းကိစ္စများဆောင်ရွက်ရေးစသည့် ထိုထိုကိစ္စတိုင်းတွင် များစွာအရေးပါအရာရောက်သော ဥပဒေသကြီးဖြစ်ကြောင်းကို အမေရိကန်စာရေးဆရာ Stephen Covey က **"Trust is the glue of life. It's the most essential ingredient in effective communication. It's the foundational principle that holds all relationships. ယုံကြည်မှုသည် သက်ရှိသတ္တဝါတို့အား ပေါင်းစပ်ညှိနှိုင်းပေးသည့်ပစ္စည်းဖြစ်သည်။ ထိရောက်သောပေါင်းသင်းဆက်ဆံရေး၏ မရှိမဖြစ်အရာလည်းဖြစ်သည်။ လူမှုဆက်ဆံရေးအားလုံးကို ထိန်းချုပ်ထားသည့် အခြေခံဥပဒေသကြီးလည်းဖြစ်သည်။"** ဟု ရေးသားထားသည်။

**နောက်ဆက်တွဲပြဿနာများ ပေါ်ပေါက်**

တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုပျောက်ဆုံးသည့်အထဲတွင် ခေါင်းဆောင်များအချင်းချင်း သံသယများဝင်၍ ယုံကြည်မှုပျောက်ကာ တင်းမာမှုများ ဖြစ်ပေါ်လာပါက နောက်လိုက်များအတွက် အင်မတန်မှ အနေခက်၊ အနေကျပ်ဖြစ်ရသည်။ အကျိုးဆက်အားဖြင့် ယင်းအဖွဲ့အစည်းသည် ကြာရှည်မရပ်တည်နိုင်တော့ဘဲ အကွဲကွဲအပြားပြား သူတစ်လူ ငါတစ်မင်းဖြစ်ကာ မလိုလားအပ်သည့် နောက်ဆက်တွဲပြဿနာများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းအဖြစ်မျိုး ကျွန်ုပ်တို့နိုင်ငံတွင် ကြုံခဲ့ဖူးကြပြီဖြစ်သည်။ အထင်ရှားဆုံးမှာ လွတ်လပ်ရေးရခါစက တိုင်းပြည်တည်ဆောက်ရေး၊ နိုင်ငံတည်ဆောက်ရေးများ အသည်းအသန်ကြိုးစားနေရသည့် နုနယ်သေးသောအချိန်ကာလတွင် တစ်တိုင်းပြည်လုံးက အားကိုးနေရသည့် ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့သော ဖဆပလအဖွဲ့ကြီးသည် သန့်ရှင်းဖဆပလနှင့် တည်မြဲဖဆပလဟူ၍ နှစ်ခြမ်းကွဲကာ အခြားမလိုလားအပ်သည့် နောက်ဆက်တွဲပြဿနာများဖြစ်ပေါ်ပြီး တိုင်းပြည်၏အခြေအနေမှာ ယိမ်းယိုင်ခဲ့ရသည်။ ထိုသို့ဖြစ်ရသည်မှာ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်နိုင်ခြင်းမရှိဘဲ သံသယဖြစ်လာကြရာမှ တင်းမာမှုများဖြစ်ပေါ်ကာ အခြေအနေများ ဆိုးရွားလာခြင်းဖြစ်သည်။ အိမ်တစ်အိမ်တွင် မိဘနှစ်ပါးသည် အခြားလူမှုရေးပြဿနာများကြောင့် စကားများရန်ဖြစ်ကြလျှင် မိဘနှစ်ပါးကို အားကိုးနေရသည့် ကလေးတို့မှာမူ နေစရာပင်မရှိ ဖြစ်ရသည်။ ထို့အတူပင် တိုင်းသူပြည်သားတို့မှာလည်း ကလေးငယ်များပမာ စိတ်မချမ်းမသာဖြစ်ကြရသည်။

ထို့ကြောင့် ယုံကြည်မှုတည်းဟူသော ကော်(glue)ကောင်းကောင်းဖြင့် တစ်ဦးအပေါ်တစ်ဦး ပေါင်းစပ်ဆောင်ရွက်နိုင်မှသာ နိုင်ငံတိုင်းနိုင်ငံတိုင်းသည်လည်းကောင်း၊ အဖွဲ့အစည်းတိုင်းနှင့် အသိုက်အဝန်းတစ်ခုစီတိုင်းသည်လည်းကောင်း၊ လူတစ်ဦးချင်း တစ်ယောက်ချင်းတိုင်းသည်လည်းကောင်း ကောင်းမွန်သာယာသော လူ့ဘောင်အဖွဲ့အစည်း၊ စည်ပင်ဝပြောသောနိုင်ငံ၊ တိုးတက်မြင့်မားသော ပညာရေးနှင့် ငြိမ်းချမ်းသာယာသော ကမ္ဘာသစ်ကြီးကို ဖန်တီးဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ။

> **မည်သည့်အရေးကိစ္စတွင်မဆို ယုံကြည်မှုမတည်ဆောက်နိုင်ပါက နှစ်ဦးနှစ်ဖက် win-win solution ဖြစ်မလာနိုင်ပေ။ ယုံကြည်မှုတည်ဆောက်ခြင်း (Trust Building) ကို လျှော့တွက်၍မရဘဲ အမြဲထည့်သွင်းစဉ်းစားထားဖို့လိုပေသည်။ အဘယ်ကြောင့်နည်းဟူမူ နိုင်ငံရေးတွင်လည်း သူမပါလျှင်မပြီး အရေးကြီးသည့်အရာဖြစ်သည်။ အခြားကဏ္ဍများဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး စသည့်နေရာစုံတို့တွင် မဖြစ်မနေတည်ဆောက်ထားရမည့် အခြေခံ Key Player ကြီးပင်ဖြစ်**

## ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၀**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒဂုံမြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါဦးက ကျေးဇူးတင်စကားပြောကြားပြီး ကျပန်းစကားပြောပြိုင်ပွဲကိုစတင်ရာ ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၀ ဦးက မူးယစ်ရန်စွယ် တို့ကာကွယ်၊ ပညာရဲရင့် ပွဲလယ်တင့်၊ ယနေ့လူငယ်နောင်ဝယ်လူကြီး၊ အစဉ်ရှေးရှု မြန်မာယဉ်ကျေးမှု၊ ကျန်းမာခြင်းသည်လာဘ်တစ်ပါး၊ အားကစားဖြင့်နိုင်ငံမြှင့်တင်စို့၊ ချစ်မြတ်နိုးစရာမြန်မာ့အနုပညာ၊ စာပေမြင့်မှလူမျိုးတင့်မည်၊ ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး တည်ဆောက်အံ့၊ I have a Dream စသည့်ခေါင်းစဉ်ပါ အကြောင်းအရာများဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များကို တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ကုန်သွယ်/စီးပွား

### မော်တောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

မော်တောင်ကုန်သွယ်ရေးစခန်းသည် ၂၀၂၃ ခုနှစ် ဩဂုတ် ၇ ရက်မှ ၈ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၆၃ ဒေါ်လာသန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၅၂ ဒေါ်လာသန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၁၅ ဒေါ်လာသန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မော်တောင်ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၇ ရက်မှ ၈ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၃၆ ဒသမ ၆၇ တန်၊ ရွှံ့ကဏန်း (အရှင်) ၆ ဒသမ ၆၂ တန်၊ ကဏန်း (အသေ) ၄ ဒသမ ၃ တန်၊ ဂျင်းခရု (အရှင်)၁၄ ဒသမ ၂ တန်၊ ကျောက်ပုစွန် (အရှင်) သုည ဒသမ ၃၆ တန်၊ ငှက်ပျောသီး ၃၅ တန်၊ ငရုတ်သီးစိမ်း သုည ဒသမ ၂၅ တန် တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီး သုံးတန်၊ ငါးသေတ္တာဘူးခွံ ခုနစ်တန်နှင့် ကြွေပြား ၈၀၀ စတုရန်းမီတာတို့ဖြစ်သည်။

### ဆိပ်ဖြူမြို့နယ်အတွင်း ကြက်သွန်နီ ဈေးနှုန်းဈေးကွက်နှင့် ကုန်စည်စီးဆင်းမှု

**ဆိပ်ဖြူ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ရှိ ကြက်သွန်နီ ကုန်စည်ဒိုင်၌ ၂၀၂၃ ခုနှစ် ဇူလိုင်လ အစောပိုင်းအချိန်တွင် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းရာမှ ဇူလိုင်လ စတုတ္ထပတ်တွင် ဈေးနှုန်းပြန်လည်မြင့်တက်လာကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် ကြက်သွန်နီတစ်ပိဿာလျှင် ဇူလိုင်လ တတိယပတ်တွင် အမြင့်ဈေး ကျပ် ၁၈၅၀ မှ အနိမ့်ဈေး ၁၇၂၅ ကျပ် ဖြင့်လည်းကောင်း၊ ဇူလိုင်လ စတုတ္ထပတ်တွင် အမြင့်ဈေး ၂၀၂၅ ကျပ်မှ အနိမ့်ဈေးကျပ် ၁၉၀၀ ဖြင့် လည်းကောင်း ဈေးနှုန်းအနည်းငယ် မြင့်တက်၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ဇူလိုင်လ စတုတ္ထပတ်တွင် ဆိပ်ဖြူမြို့ ကြက်သွန်နီ ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ကုန်ချိန် ၁၅၀၀၀ ခန့်သာ ဝင်ရောက်လာပြီး ဒေသတွင်း ကြက်သွန်နီလက်ကျန် နည်းပါးသွားသည့်အတွက် ကုန်အဝင် နည်းပါးသွားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက် အနေဖြင့် ဆိပ်ဖြူမြို့နယ်မှ ထွက်ရှိသည့် ကြက်သွန်နီများကို ရန်ကုန်တိုင်းဒေသကြီးရှိ ဘုရင့်နောင် ကုန်စည်ဒိုင် ပြည်မြို့နှင့် ပုသိမ်မြို့များသို့ နေ့စဉ်တင်ပို့လျက်ရှိပြီး ပြည်ပဈေးကွက်အနေဖြင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ မြဝတီ၊ မော်လမြိုင်နှင့် မူဆယ်မြို့တို့မှတစ်ဆင့် တင်ပို့လျက်ရှိသည်။

ဇူလိုင်လအတွင်း ကုန်စည်စီးဆင်းမှုအနေဖြင့် ရန်ကုန်ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးကွက်သို့ ၁၂ ဘီးယာဉ်အစီး ၈၀ ဖြင့် ပိဿာချိန် ရှစ်သိန်းခန့်၊ မြဝတီမြို့သို့ တွဲကား ၃၃ စီးဖြင့် ပိဿာချိန် ခြောက်သိန်း၊ မူဆယ်မြို့သို့ ၁၂ ဘီးယာဉ်လေးစီးဖြင့် ပိဿာချိန် လေးသောင်းခန့်၊ မော်လမြိုင်မြို့သို့၁၂ ဘီးယာဉ် သုံးစီးဖြင့် ပိဿာချိန် သုံးသောင်းခန့်၊ ပြည်မြို့သို့ ခြောက်ဘီးယာဉ် ၂၂ စီးဖြင့် ပိဿာချိန် တစ်သိန်းခွဲ၊ ပုသိမ်မြို့သို့ ခြောက်ဘီးယာဉ် ၂၄ စီးဖြင့် ပိဿာချိန် နှစ်သိန်း စုစုပေါင်း ကြက်သွန်နီပိဿာချိန် ၁၈ သိန်းခန့်၊ တန်ချိန်အားဖြင့် ၂၉၃၉ တန်ခန့် ကုန်စည်စီးဆင်းခဲ့ကြောင်း သိရသည်။



သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း



တိုင်းရင်းသားရေးရာ အမှတ်(၁၂)
Ethnics Affairs (ဇူလိုင်၊ ၂၀၂၃)
ထွက်ပြီ

"ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်းမှသည်....."

၂၀၂၃ ခုနှစ် ဇူလိုင်လထုတ် တိုင်းရင်းသားရေးရာစာစောင် အမှတ်(၁၂)တွင်
- ထားဝယ်ထိမ်းမြားခြင်းဓလေ့
- လီဆူတိုင်းရင်းသားတို့၏ မိသားစုမျိုးရိုးစဉ်လာ အမည်မှည့်ခေါ်ပုံများ
- ငြိမ်းချမ်းရေးဆေးစွမ်းရည်
- ရှမ်းစော်ဘွားအမည်ခံ ဓနစော်ဘွားများ
- အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းသာယာသော အနာဂတ်နိုင်ငံတော်
- မွန်တိုင်းရင်းသားတို့၏ နလုံးသားထဲက လင်းလက်ကြယ်တစ်ပွင့်
- ယုံကြည်မှု၏ စွမ်းအား

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်
စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၇၅၆၈

### အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက တောင်သူကုန်းရပ်ကွက် မင်းကွန်းကျောင်းလမ်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ရွှေအင်းစိန် မြက်ခင်းတု ဖူဆယ်ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

ဦးစွာ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းမှ ပထမဆုရရှိသည့် အင်းစိန်မြို့နယ် မြို့သစ်(က-ခ) ရပ်ကွက်အသင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်က ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုဆုတံဆိပ်နှင့် တံခွန်စိုက်ဖလား ချီးမြှင့်ခဲ့သည်။

